# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 March 2025 ၁၁၇၇၃


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကျင်းပ

## လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့** ဖတ်စရာ

**ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် . . .**
ဆောင်းပါး စာမျက်နှာ » ၆

**မလေးရှားနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်**
စာမျက်နှာ » ၂၂

**"တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း - Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ**
စာမျက်နှာ » ၈

### တစ်စိတ်တစ်ပိုင်းနေကြတ်မည့် အခြေအနေ

နေပြည်တော် မတ် ၂၅

မတ် ၂၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၅:၂၀ နာရီမှ ည ၁၉:၁၅ နာရီအတွင်း တစ်စိတ်တစ်ပိုင်း နေကြတ်ခြင်းဖြစ်စဉ် ဖြစ်ပေါ်နိုင်ကြောင်းနှင့် အဆိုပါ တစ်စိတ်တစ်ပိုင်းနေကြတ်ခြင်းဖြစ်စဉ်ကို ဥရောပတိုက်၊ အာရှတိုက်မြောက်ပိုင်း၊ အာဖရိကတိုက် အနောက်မြောက်ပိုင်းနှင့် မြောက်အမေရိကတိုက် ဒေသများရှိ နိုင်ငံအသီးသီးတို့မှ မြင်တွေ့နိုင်သည်။ မိုး/ဇလ

ကြေးမုံ

# တစ်စိတ်တစ်ဝမ်းတည်း စုပေါင်းအားဖြင့် နိုင်ငံတော်ကိုကာကွယ်တည်ဆောက်

မြန်မာနိုင်ငံသည် သင့်တင့်လျောက်ပတ်သောရာသီဥတု၊ များပြားလှသော စိုက်ပျိုးမြေ၊ သဘာဝသယံဇာတများပေါများမှုကြောင့် သမိုင်းအစဉ်အဆက်ကတည်းက အင်အားအသင့်အတင့်ရှိသည့် လူမျိုးစုများ၊ အင်အားနည်းသည့်လူမျိုးစုများ၏ ပြောင်းရွှေ့နေထိုင်ရာ၊ အခြေချနေထိုင်ရာ နယ်မြေဖြစ်ခဲ့သဖြင့် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံအေးချမ်းစွာစုစည်းနေထိုင်ရာ အမိမြေ၊ အမိနိုင်ငံတော်ဖြစ်ခဲ့သည်။

ကိုလိုနီခေတ်က သွေးခွဲအုပ်ချုပ်မှုစနစ်အရ တစုတစည်းတည်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ စုစည်းညီညွတ်မှုသည် ပြိုကွဲခဲ့ရသည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် တိုင်းတစ်ပါးကျူးကျော်မှုများကို တပ်မတော်နှင့်အတူ ပြည်သူတစ်ရပ်လုံး စုစည်းညီညွတ်စွာဖြင့် လက်တွဲပူးပေါင်း တွန်းလှန်တိုက်ဖျက်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသည့်အချိန်တွင် သွေးကွဲခြင်း၏ ဆိုးမွေများအဖြစ် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ထိုသို့ သွေးကွဲခဲ့ရသည့် အဖြစ်များ၏နောက်ကွယ်တွင် လက်နက်ကိုင်ပဋိပက္ခများကို နယ်ချဲ့လက်သစ်များနှင့် အပေါင်းပါများကပင် ဆက်လက်အားပေးထောက်ပံ့ခဲ့သောကြောင့်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များက အယူဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးအရကွဲပြားမှု၊ နိုင်ငံရေးအရကွဲပြားမှု၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှု၊ အာဃာတထားမှုများအပေါ် အကြောင်းပြု၍ ပြည်သူများစိတ်ဝမ်းကွဲပြားအောင်၊ တိုင်းပြည် အခက်အခဲအကျပ်အတည်းဖြစ်အောင်၊ ဆူပူမှု၊ ပဋိပက္ခများဖြစ်အောင်၊ လက်နက်ကိုင်ပဋိပက္ခများ ကြီးထွားလာအောင် တစိုက်မတ်မတ် ကြံစည်အားထုတ်ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းကြောင်းအဆက်ဆက်၊ အစိုးရအဆက်ဆက်တို့က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းရေးလှုံ့ဆော်မှုအခြေအနေများထက် ပြည်ပမှ အားပေးလှုံ့ဆော် ပါဝင်စွက်ဖက်ထောက်ပံ့မှုများကြောင့် တည်ငြိမ်အေးချမ်းမှုနှင့်လက်နက်ကိုင်ပဋိပက္ခများသည် မငြိမ်းနိုင်သည့်မီးတောက်များကဲ့သို့ ယခုထက်တိုင် လောင်ကျွမ်းလျက်ရှိသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ထိုသို့ အဖြစ်အပျက်များကြောင့် မြန်မာနိုင်ငံသည် အခွင့်အလမ်းကောင်းများစွာရှိပါလျက်နှင့် တည်ငြိမ်မှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်သည် သမိုင်းကြောင်းအစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အသက်၊ သွေး၊ ချွေးများပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည့် မူလတာဝန်များအပြင် ပြည်သူများလိုလားသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် အကောင်အထည်ပေါ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျက်ခြည်မပြတ် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို သင်ခန်းစာယူပြီး အခွင့်အလမ်းများဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် တစည်းတလုံးတည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျကာ အောက်ကျနောက်ကျဖြစ်နေသော နိုင်ငံတော်ကို ပြန်လည်ဦးမော့လာအောင် နိုင်ငံသူ နိုင်ငံသားအားလုံးတို့က မိမိနိုင်ငံ၊ မိမိတို့တိုင်းရင်းသားပြည်သူများကို ချစ်မြတ်နိုးသည့်စိတ်၊ မြန်မာစိတ်မွေးမြူပြီး စုစည်းညီညွတ်သည့် အင်အားများဖြင့် နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး စည်းလုံးညီညွတ်မှုမရှိသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို အပြည့်အဝဆောင်ရွက်နိုင်မည်မဟုတ်ပေ။ မည်သည့်စီးပွားရေးစနစ်ကိုမျှ အပြည့်အဝအောင်မြင်အောင် လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ မည်သည့်နိုင်ငံရေးစနစ်ကိုမျှ ခိုင်ခိုင်မာမာ ဦးဆောင်နိုင်မည်မဟုတ်ပေ။ မည်သည့်လူမှုရေးစနစ်ကိုမျှ သာယာဝပြောပြီး စိတ်ချမ်းသာမှုအပြည့်အဝရရှိအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး နယ်ချဲ့တို့ကို တွန်းလှန်ဖယ်ရှားကာ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သလို လွတ်လပ်သောနိုင်ငံအဆင့်အတန်းနှင့်လျော်ညီစွာ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တပ်မတော်နှင့်အတူ လက်တွဲပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သောအင်အားများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက် (ပထမနေ့)အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး/ဦးအနက် ၁၂၂၄၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၆ ဒသမ ၆၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၂၅ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၇၂၀၀ | ၂၆ | ၁၈၆,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၃,၃၀၆ | ၁၀,၂၃၈,၇၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃၆ | ၂၇၆,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၃,၅၄၅ | ၆,၃၈၀,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၉၀၀ | ၅၇ | ၁၆၃,၄၀၀ |
| EFR | ၁,၅၅၀ | ၁,၅၅၀ | ၆၂၅ | ၉၇၄,၄၅၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၅၂ | ၂၀၆,၄၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၄၉ | ၄၈၂,၆၅၀ |
| MADPL(PLB) | ၃,၅၀၀ | ၄,၀၀၀ | ၂၆ | ၉၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရွှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ်လပထမပတ်အတွင်း သွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်စဉ်အတွင်း ဘယ်လာရုစ် သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရလည်း နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တစ်ပါတည်း သွားရောက်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူမြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ရှိသည်ကို တွေ့မြင်သိရှိခဲ့ရကြောင်း၊ အလားတူလွှတ်တော်များမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များ စေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့များသို့လည်း ရောက်ရှိခဲ့ပြီး ဒေသအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရေးကဏ္ဍများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာကာသသိပ္ပံဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်စဉ်ကာလအတွင်း သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာများ၊ ဆေးနှင့်ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်များရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့ကြောင်း။

### ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ အလွန်ကာလဖြစ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပရန် တည်ငြိမ်မှုလိုအပ်နေသည့် အချိန်ဖြစ်ခြင်းကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအားဆောင်ရွက်ခဲ့ပြီး ရာနှုန်းပြည့် ကောက်ယူရရှိသည့် မြို့နယ်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန် ကျန်ရှိသည့် မြို့နယ်များလည်း ရှိနေသေးကြောင်း၊ ကောက်ယူရရှိသည့် စာရင်းများအပေါ်မူတည်၍ ဆန္ဒမဲပေးနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကို ကောက်ယူရရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအား ယခုနှစ်ဒီဇင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့အတွင်း ကျင်းပပြုလုပ်ရန်လျာထားကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် မဲလက်မှတ်များကို အသုံးပြု၍ ကောက်ယူခဲ့ပြီး ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲလက်မှတ်များအသုံးပြု၍ ရွေးကောက်ပွဲဥပဒေနှင့် မညီညွတ်သော ကြိုတင်မဲပေးမှုများ၊ မဲလက်မှတ်ရိုက်နှိပ်မှုများ၊ ဥပဒေနှင့်မညီသော အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ခြင်းကြောင့် မဲမသမာမှုများနှင့် မဲစာရင်းများမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အဆိုပါတွေ့ကြုံခဲ့ရသည့်အတွေ့အကြုံအရ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပမှုများကို လေ့လာ၍ ငွေကြေးကုန်ကျမှုများသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး မဲမသမာမှုပြုလုပ်ရန် မလွယ်ကူသည့်စနစ်ဖြစ်သော Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ မိမိတို့ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်သရွေ့ တစ်နေ့တည်း ကျင်းပရန်၊ အများပြည်သူရှုံးပိတ်ရက်တွင်ပြုလုပ်ရန်၊ ကြိုတင်ကြေညာရန်ပြဋ္ဌာန်းပါရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ရက်အကန့်အသတ်ပြုလုပ်ထားခြင်း မရှိဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသမိုင်း၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ရွေးကောက်ပွဲအား တစ်ကြိမ်တည်းကျင်းပခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲ အထမြောက်သည့်အဆင့်ကို ဦးစားပေးပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်များကျင်းပရာတွင် အစည်းအဝေး အထမြောက်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များသည် ဝန်ကြီးချုပ်များကို ရွေးချယ်ခန့်အပ်ရခြင်းဖြစ်သဖြင့် အရေးကြီးကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Electronic Voting Machine များဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်တိုအတွင်း ဆန္ဒမဲပေးနိုင်ခြင်းနှင့် မဲရလဒ်ရရှိခြင်းများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်ရက်နှစ်ရက်အတွင်း မဲစာရင်းအား အတည်ပြုဆောင်ရွက်နိုင်ကြောင်း၊ တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်၍ရသည့် မြို့နယ်များတွင် ရွေးကောက်ပွဲပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာမှဆောင်ရွက်နေမှုများကို လေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများတွင် ကြိုတင်မဲပေးခြင်းများကို ခွင့်မပြုထားကြောင်း၊ Electronic Voting Machine ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သဖြင့် ကိုယ်တိုင်မဲပေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ပသို့တရားဝင်သွားရောက်လျက်ရှိသည့် ပြည်သူများ၏ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ကြိုတင်မဲပေးခွင့်နှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်းစဉ်းစားဆွေးနွေးကြစေလိုကြောင်း၊ မည်သို့ပင်ဖြစ်စေ လာမည့်နှစ်ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးရန် လိုကြောင်း။

စာမျက်နှာ ၄ သို့ ○

★ **ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့**

★ **အလားတူမြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့**

★ **နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့**

★ **ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ရှိသည်ကို တွေ့မြင်သိရှိခဲ့ရ**

❍ စာမျက်နှာ ၃ မှ

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းသတ်မှတ်ချက်များ ကျော်လွန်သွားသဖြင့် ပယ်ဖျက်ခဲ့ရသည့် ပါတီများကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အာဏာကို ဥပဒေအရ ခေတ္တထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်ကို ဥပဒေကို နားလည်သူများက လက်ခံကြပြီး နားမလည်သူများ၊ အာဃာတတရားထားသူများက ငြင်းပယ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ကြမည့်သူများအနေဖြင့် သိရမည်မှာ လွှတ်တော်ဟူသည် ဥပဒေပြုရေးကို ဦးစားပေးခြင်းပင်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာအနေဖြင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ဥပဒေပြဋ္ဌာန်း၍ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မည့်သူများအနေဖြင့် ဥပဒေကို သိရှိရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းအချက်ကို အလေးထားစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**၂၀၂၅ အလွန် ဖြစ်ပေါ်လာနိုင်မည့်အလားအလာများနှင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် သင်ခန်းစာယူဆောင်ရွက်နိုင်ရန်**

၂၀၂၅ အလွန် ဖြစ်ပေါ်လာနိုင်မည့်အလားအလာများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ ယင်းဥပဒေကို ရေးဆွဲချိန်၌ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မှီငြမ်း၍ လေ့လာရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်အလွန်ကာလဖြစ်ပြီး ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆိုရှယ်လစ်စနစ်ကို လက်ခံသည့်အုပ်စု၊ လစ်ဘရယ်အယူဝါဒပိုင်းကို လက်ခံသည့်အုပ်စုနှင့် ဒီမိုကရေစီကိုသွားမည့်အုပ်စုဟူ၍ သုံးဖွဲ့ပြန်ကွဲသွားခဲ့ကြောင်း၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို အမှန်တကယ် လျှောက်လှမ်းမည်ဆိုပါက နိုင်ငံရေးအကြောင်းကို သိရှိနားလည်သူများဖြစ်ရန်လိုအပ်ပြီး အသိပညာ၊ အတတ်ပညာ ပေါ်ကြွယ်ဝရန် လိုအပ်မည်ဖြစ်ကြောင်း။

၂၀၂၅ အလွန်တွင်နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့်စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်ဖြစ်ကြောင်း။

**ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေပြုပြင်ပြောင်းလဲရမည်**

ယင်းအနေအထားတွင် မိမိတို့အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာပေါ်ကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်းရာခိုင်နှုန်းကို ခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက်နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာရေးအရ အတတ်ပညာအရ အားနည်းသူများဖြင့် နိုင်ငံတော်ကိုတည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း" ကဖြစ်ပြီး ကျောင်းတက်ရောက်၍ ကြီးပြင်းခဲ့သူများနှင့် တက်ရောက်ခြင်းမရှိဘဲ ကြီးပြင်းခဲ့သူများသည် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများ၊ လူမှုပေါင်းသင်းဆက်ဆံမှုများတွင် ကွာခြားသွားနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်းစသည့်ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်ချက်ရာခိုင်နှုန်းကို ကြည့်ပါက ပျမ်းမျှ ၃၅ ရာခိုင်နှုန်းခန့်သာ အောင်မြင်သူရှိပြီး ၆၅ ရာခိုင်နှုန်းခန့်သည် အောင်မြင်မှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အတွက်လည်း မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားပေးရန်လိုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး Polytechnic University များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖွင့်လှစ်ပေးခြင်း၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် လာမည့်နှစ်အတွင်း အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားခဲ့သော်လည်း အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှုမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် Polytechnic Institute များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း၊ ပထမဆုံးအနေဖြင့်

> ☆ **၂၀၂၅ အလွန်တွင် နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်မည်**
>
> ☆ **ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်**
>
> ☆ **ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်**

နေပြည်တော်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း တက္ကသိုလ်ဝင်တန်း အောင်မြင်မှုမရှိသေးသူများ တက်ရောက်နိုင်မည့် Polytechnic Institute တစ်နှစ်သင်တန်းမှစ၍ နှစ်အလိုက်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ သင်ကြားပေးမည့် ဆရာ ဆရာမများခန့်အပ်ရေး သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းရေးကိုလည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း။

ထို့နောက် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် **"ဒါကတော့ ပညာရေးနဲ့ဆက်စပ်ပြီးတော့ လူသားအရင်းအမြစ်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံရဲ့ ၂၀၂၅ အလွန်မှာ ဖြစ်လာနိုင်မယ့် အခြေအနေကို ရှင်းပြခြင်းပဲဖြစ်ပါတယ်။ ဒါကပညာရေးအပိုင်းပေါ့။ မဖြစ်မနေကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ပညာရေးအားနည်းတာလည်းမှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာ ထိခိုက်စေတာကိုလည်း ငြင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုရှိဖို့လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကိုအားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ပတ်သက်လာရင် အနှောင့်အယှက်မပေးကြဖို့၊ ကလေးတွေကို ပညာရေးလမ်းကြောင်းပေါ်မှာတင်ပြီတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့သွားနေတဲ့ မျှော်မှန်းချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ အတွက် လူသားအရင်းအမြစ်တွေအနေနဲ့ ကိုယ့်ကလေးတွေပါအောင်လို့ လုပ်ပေးကြဖို့လိုတယ်ဆိုတာလေး ကျွန်တော်ပြောချင်ပါတယ်"** ဟု ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ နှစ်သိန်းနှစ်သောင်းကျော်ရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ ယခုနှစ်အထိ အများဆုံးဖြေဆိုသည့်နှစ်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ဖြေဆိုမှုနှုန်းမြင့်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၏ အရေးကြီးမှုကို မိမိမကြာခဏပြောကြားခဲ့ပြီး ပညာရည်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို ယခုကဲ့သို့ အနှောင့်အယှက်ကင်းကင်း အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နယ်မြေဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်ချက်များကို အလေးထား အသိအမှတ်ပြုကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

**ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်တွင်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍ စီးပွားရေးအားပေးမြှင့်တင်ရမည်**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်မည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် အားနည်းလျက်ရှိကြောင်း၊ ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများကိုအသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံကျော်၊ အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံကျော်၊ အာဆီယံနိုင်ငံများလူဦးရေ ၆၈၇ မီလီယံကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူဦးရေ ၁၇၃ မီလီယံကျော်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်နီးပါး နေထိုင်ကြကြောင်း၊ အားလုံးဖိနပ်စီးကြကြောင်း၊ ဖိနပ်အတွက် ရော်ဘာ၊ သားရေလိုအပ်ချက်မည်မျှကြီးသည်ကို တွက်ကြည့်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ကားမျိုးစုံ တစ်သန်းခန့်၊ မော်တော်ဆိုင်ကယ်မျိုးစုံ ငါးသန်းခန့်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မြောက်မြားစွာရှိကြောင်း၊ ယင်းတို့အတွက် တာယာနှင့် ကျွတ် များစွာလိုအပ်မည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြောင်း။

အဝတ်အထည်နှင့် ချည်မျှင်နှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သည့် ချည်မျှင်နှင့်အထည်အလိပ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းကို သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှရရှိသည့် သားရေများဖြင့်လည်း တန်ဖိုးမြင့်အဝတ်အထည်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေထွက်သယံဇာတပစ္စည်းများနှင့် ပတ်သက်၍လည်း ဈေးကွက်လိုအပ်ချက်ကြီးမားစွာ ရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ အခြားစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံအောင် ဒေသအလိုက် ဈေးကွက်လိုအပ်ချက်များကို စနစ်တကျ တွက်ချက်မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသီးနှံများအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီခြင်းမရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိပြီး ဝင်ငွေထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေးအတွက် ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်း၌ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ မည်မျှထိခိုက်မှုရှိသည်ကို တွက်ချက်ကြည့်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်းစသည့် သီးနှံ ၁၀ မျိုးအား ယခုစိုက်ကေနှင့်ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသဖြင့် နိုင်ငံမှဝင်ငွေလျော့နည်းရရှိမှု အမေရိကန်ဒေါ်လာရှစ်ဘီလီယံကျော်ရှိကြောင်း၊ သီးထပ်စိုက်ပျိုးမှုမရှိ၍ ဆုံးရှုံးမှုများပါထည့်တွက်ပါက ၁၉ ဘီလီယံခန့်ရှိကြောင်း။ **စာမျက်နှာ ၅ သို့ ❍**

○ စာမျက်နှာ ၄ မှ

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများနှင့်ပတ်သက်၍လည်း ထိုသို့လုပ်ဆောင်မှုများကြောင့် ပြည်တွင်း၌ အလုပ်သမားရှားပါးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ ပြည်ပသို့သွားရောက် လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်မည့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်မည်ဆိုပါကလည်း ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်သဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်အစား ပြည်တွင်း၌သာအလုပ်လုပ်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကို နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စက်မှုနည်းပညာများ စသည်တို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ကုန်ကြမ်းလိုအပ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအတိုင်းတင်ပို့ကြကြောင်း၊ ပြောင်းကုန်ကြမ်းများကို တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့် စသည်တို့ကဲ့သို့သော တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲတင်ပို့နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆန်နှင့် ပဲကိုလည်း တန်ဖိုးမြှင့်ပို့ကုန်အဖြစ်ပြောင်းလဲတင်ပို့နိုင်ရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ကုန်ချောများကို တင်ပို့ခြင်းဖြင့် ဈေးနှုန်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စားရေးလိုအပ်ချက်သည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး ရပ်တည်နိုင်သည့်နိုင်ငံတစ်ခု ဖြစ်နိုင်သည်ဖြစ်သည့်အတွက် စနစ်တကျသုံးသပ်ရှုမြင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ**

ဆက်လက်၍ ကောင်စီဝင်များနှင့် ကောင်စီတွဲဖက်အတွင်းရေးမှူးက မိမိတို့အစိုးရအဖွဲ့ ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရေး၊ တည်ရှိပြီးနိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံရေးပါတီအသစ်လျှောက်ထားခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အချိန်ပေးခြင်း၊ ပညာပေးခြင်း၊ အသိပေးခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပြီးဖြစ်သဖြင့် ဥပဒေအထက်၌ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းမှ မရှိသင့်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်ရေး၊ ယခုကျင်းပမည့် ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့်ကျင်းပမည်၊ မဲပေးရမည့်နည်းလမ်းများနှင့် မဲပေးနိုင်ခွင့်ရှိသူများအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထုတ်ပြန်နိုင်ရေး၊ ကယားပြည်နယ်အတွင်း လက်နက်အားကိုးဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသူများကို ပြတ်ပြတ်သားသားချေမှုန်းပေးရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် ပြည်သူများ၏အိုးအိမ်များ ပြန်လည်ဆောက်လုပ်ရန် အခက်အခဲများရှိသဖြင့် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်တည်ဆောက်ပေးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စည်းကမ်းလိုက်နာမှုမြင့်မားစေရေး၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ဝဥ တိုးချဲ့စိုက်ပျိုးပေးရေးနှင့် ဝဥကိုအခြေခံသည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေး၊ ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ပြဿနာများစွာရှိခဲ့သဖြင့် ကြိုတင်မဲပေးနိုင်မည့် သတ်မှတ်အရည်အချင်းများအတိုင်းသာ တိကျစွာဆောင်ရွက်၍ သတ်မှတ်နေရာ၊ သတ်မှတ်အချိန်တို့ဖြင့် စည်းစနစ်ကျစွာ ဆောင်ရွက်ရေး၊ ယခုနှစ်အတွင်း လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ခဲ့သော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်အဆင့်ကျင်းပရေး၊ အလားတူဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍လည်း လှုံ့ဆော်မှုများ နိုင်ငံတော်အဆင့်ဆောင်ရွက်ရေး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်က မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင် စိစစ်ဆောင်ရွက်ရန်လိုအပ်မှု၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ပါတီများအနေဖြင့်လည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ ပါတီများမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဥပဒေအထက်တွင် မည်သူမျှမရှိ၍ ဥပဒေအတိုင်းသာဆောင်ရွက်သင့်မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင်ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးလျာထားကြောင်း၊ အားလုံးသဘောတူညီဆုံးဖြတ်ပြီးက တစ်နိုင်ငံလုံးကိုအသိပေးမှုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရေး အချိန်ကာလအားဖြင့် ကိုးလခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကိုမထိခိုက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ ပါတီများမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးမှတ်ပုံတင်ခွင့်များကို အချိန်လုံလုံလောက်လောက်ပေး၍ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

မြန်မာလူမျိုးများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဆိုပါဒေသတွင် နေထိုင်သူများတွင်သာ တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသားများတွင် တာဝန်ရှိကြောင်း၊ မြန်မာ့တန်ဖိုးမြှင့်တင်ရန်အတွက် မြန်မာပြည်တွင်နေထိုင်ကြသည့် သူများအားလုံးတွင်တာဝန်ရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း လုံခြုံရေးကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာများအားလုံး စည်းလုံးကြရန် မြန်မာ့တန်ဖိုး မြှင့်တင်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်





**နေပြည်တော် မတ် ၂၅**

e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံ၏ e-Government ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို Myanmar e-Governance Master Plan 2030 ၏လမ်းပြမြေပုံတွင် ရည်မှန်းထားသော အဆင့်များအတိုင်းအောင်မြင်စေရန် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ICT Infrastructure များတည်ဆောက်ခြင်း၊ e-Procurement နှင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ စံများသတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ပြည်သူ့အီလက်ထရောနစ်ဝန်ဆောင်မှုများ လျင်မြန်စွာ တိုးတက်လာစေရန်နှင့်e-Government ကို ထိရောက်မြန်ဆန်စွာ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကောင်းဆုံးနည်းလမ်းများကို ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းပြီး ဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက e-Government လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်လမ်းညွှန်မှုခံယူရန် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီးနိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



# တန့်ယန်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းနှင့် Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**တန့်ယန်း မတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇၃ ဒသမ ၂၃၂ သန်းဖြင့် ဆောင်ရွက်ခဲ့သော လွယ်စေးကျေးရွာအုပ်စု ပန်မောင်- ကုန်းကော်- ဟွေပူ- ပါဖန်- လုံတွေ- နမ့်ပိန် ကျေးရွာချင်းဆက်လမ်း ၆/၅ မိုင် လမ်းတာချဲ့ခြင်း လုပ်ငန်းနှင့် ယင်းလမ်းပေါ်၌ ၅x၅x၂၆ ပေ Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဖောက်လုပ်ဆောင်ရွက်ပေးခြင်းဖြင့် အနီးအနားကျေးရွာများရှိ လူဦးရေ ၁၉၂၅ ဦးခန့်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသအတွက် များစွာအကျိုးပြုသည့်လမ်းဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် . . .

ဝ—— အညတြ ——ဝ

တပ်မတော်သည် ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာပြီး လွတ်လပ်ရေးကြိုးပမ်းမှုအဆင့်ဆင့်မှ သန္ဓေတည်လာခဲ့သည့် တစ်ခုတည်းသော အဖွဲ့အစည်းကြီးဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ တိုင်းပြည်လွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး တိုက်ပွဲများဆင်နွှဲရင်း ဖြစ်တည်လာခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်ဖြစ်သည်။



(၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် သံချပ်ကာယန္တရားတပ်ဖွဲ့ ဂုဏ်ပြုချီတက်စဉ်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ဖြစ်ပေါ်လာသော နိုင်ငံရေးယုံကြည်ချက်၊ လမ်းစဉ်၊ ဝါဒ စသည့် ကွဲလွဲခဲ့သည့်အချက်များနှင့် နယ်ချဲ့၏ သွေးခွဲခဲ့သည့်စနက်တို့ကြောင့် အကျိုးဆက်ဖြစ်လာသည့် ပြည်တွင်းသောင်းကျန်းမှု လက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်သည် ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုက်ဖျက်နှိမ်နင်းခဲ့ရသည်။ တပ်မတော်သည် နှစ်ပေါင်း ၈၀ နီးပါးကြုံတွေ့ခဲ့ရသည့် ပဋိပက္ခများကြောင့် စစ်ရေးအတွေ့အကြုံများ မြောက်မြားစွာရရှိသကဲ့သို့ တည်ငြိမ်မှုမရှိသည့် မြန်မာ့နိုင်ငံရေး အခြေအနေများကြောင့် မလွှဲသာမရှောင်သာ ပါဝင်ပတ်သက်ကျင်လည်ခဲ့ရသဖြင့် ခါးသီးသော နိုင်ငံရေးအတွေ့အကြုံများလည်း တနင့်တပိုး ရရှိခဲ့ပြီးဖြစ်သည်။

## အမျိုးသားရေးတာဝန်

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းတစ်လျှောက်တွင် ဖြစ်ပျက်ခဲ့သည်များ၊ တိုးတက်ဖြစ်ပေါ်လာခဲ့ကြသည်များမှာ နိုင်ငံတော်၏ အနာဂတ်အတွက် ယူတတ်လျှင် တန်ဖိုးမဖြတ်နိုင်သော သမိုင်းသင်ခန်းစာများပင်ဖြစ်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ် ကာလများအထိ ဖြစ်ပျက်ခဲ့သောအခြေအနေများသည်လည်းကောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအထိ ဖြစ်ပေါ်ခဲ့သောဖြစ်ရပ်များသည်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကာလများသည်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ မျက်မှောက်ကာလအထိ အခြေအနေများသည်လည်းကောင်း တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်စပ်ကာ ဖြစ်ပေါ်လာသကဲ့သို့ ကာလတစ်ခုနှင့်တစ်ခု အခြေအနေအလိုက် ပြောင်းလဲဖြစ်ပေါ် အားပြိုင်လျက်ရှိကြောင်း တွေ့ရမည်ဖြစ်သည်။

တပ်မတော်သည် ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းတစ်လျှောက်တွင် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို အသက်၊ သွေး၊ ချွေးပေးဆပ်ကာ တွန်းလှန်ကာကွယ် စောင့်ရှောက်ခဲ့သည်။ တပ်မတော်သားများသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအပေါ်တွင် အသက်ပေး၍ သစ္စာစောင့်သိသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွင် အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရေး၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးဖြစ်သည်။

## တည်ငြိမ်အေးချမ်းရေး

မျက်မှောက်ကာလ နိုင်ငံရေးအခြေအနေသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ပြီး နိုင်ငံတော်အာဏာကို မသမာသည့်နည်းလမ်းဖြင့် အဓမ္မရယူရန် ကြိုးပမ်းလာသောကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ဆူပူမှုများကိုသာကြုံတွေ့ခဲ့သော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အရပ်ဘက်နေရာများကိုပါ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်လာခဲ့ခြင်းတို့ဖြစ်သည်။ ဖြစ်ပေါ်လာခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ ဖွဲ့စည်းခဲ့သည့် NUG မှ ပေါက်ဖွားလာသော PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ကူညီခဲ့သည့် အချို့သော EAO အဖွဲ့များကြောင့်ဖြစ်သည်။

အကြမ်းဖက်သမားများသည် အာဏာရှင်တိုက်ဖျက်ရေးဟု ကြွေးကြော်တိုက်ခိုက်ကြသည်ဆိုသော်လည်း လက်တွေ့တွင် ၎င်းတို့သည်သာ စစ်ဘုရင်၊ ကိုယ်ကျိုးရှာဖွေသူများဖြစ်နေသည်ကို မြင်တွေ့ရသည်။ ဤနိုင်ငံမှာနေ၊ ဤနိုင်ငံမှ ရေကိုသောက်ပြီး ဤနိုင်ငံနေ အပြစ်မဲ့တိုင်းရင်းသားမိဘပြည်သူများကို နည်းအမျိုးမျိုးဖြင့် စဉ်းလဲကောက်ကျစ်စွာဒုက္ခပေးနေကြသော သောင်းကျန်းသူများသည် အမျိုးသားသစ္စာဖောက်များ ဖြစ်ကြရုံသာမက ၎င်းတို့အသက်ဆက်ရပ်တည်နိုင်ရေးအတွက် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးနေမှုများက နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည်။ တပ်မတော်သားတို့သည် အမျိုးသားသစ္စာဖောက်၊ အဖျက်သမား သောင်းကျန်းသူများနှင့် ရင်ဆိုင်ခဲ့ကြသည့် တိုက်ပွဲတိုင်းတွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့အမျိုးသားရေးအတွက်ဟူသော ခိုင်ကျည်သည့်သန္နိဋ္ဌာန်စိတ်ဖြင့် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည်ချည်းဖြစ်သည်။ စွန့်လွှတ်စွန့်စားကာ တိုက်ခိုက်ခဲ့ကြသည်။

## အဖျက်လုပ်ရပ်များ

တပ်မတော်သည် ဒီမိုကရေစီနည်းလမ်းတကျ ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ခြင်း တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားသည့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်။ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်၍ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံတော်ကို အသက်၊ သွေး၊ ချွေးအမြောက်အမြားပေးဆပ်ကာ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်၏ အလိုလားဆုံးဆန္ဒမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ကာ ဆွေးနွေးအဖြေရှာခဲ့သော်လည်း ငြိမ်းချမ်းရေးကို အခွင့်ကောင်းယူပြီး EAO အချို့က တိုက်ပွဲများ ဖော်ဆောင်လာခဲ့သည်။ အကြမ်းဖက်သမားများက အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ကိုင်လာကြသည်။

နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ နောက်ဆုံးအချက်တွင် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟု အသိပေးထားသည်။ ပြီးခဲ့သည့် မတ်လ ၇ ရက်နေ့က နိုင်ငံတော်အကြီးအကဲနှင့် ဘယ်လာရုစ်သမ္မတတို့ မီဒီယာများနှင့် တွေ့ဆုံစဉ် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ(သို့မဟုတ်) ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အစောဆုံး ကျင်းပသွားရန် အတိအလင်းပြောကြားခဲ့ပြီးဖြစ်သည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဆောလျင်စွာဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အဖျက်လုပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်သည်။

## တပ်မတော်နှင့်ပြည်သူ

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးရှေ့တန်းတင်မှုများ၊ လူမျိုးစွဲအာဃာတစွဲကြီးမားမှုများ၊ နိုင်ငံရေး ဂိုဏ်းဂဏကွဲပြားမှုများ၊ နယ်ချဲ့ လက်ဟောင်း၊ လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှုများ၊ နိုင်ငံရေးပယောဂများကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပဋိပက္ခများ၏ ဆိုးမွေများကြောင့် တိုင်းပြည်အောက်ကျနောက်ကျဖြင့် ရှေ့မတက်နိုင်အောင်ဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်ပြုလုပ်သည့် အကြမ်းဖက်အဖွဲ့ CRPH/NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ၎င်းတို့ကို အားပေးအားမြှောက်ပြုလုပ်ပြီး ပွဲလန့်တုန်းဖျာခင်းသည့် EAO တို့ကို တပ်မတော်နှင့်အတူ ပြည်သူလူထုလက်တွဲပူးပေါင်း၍ လုံးဝချုပ်ငြိမ်းသွားအောင် ပြုလုပ်ကြရမည်ဖြစ်သည်။

**စာမျက်နှာ ၇ သို့ ☆**

❋ **အကြမ်းဖက်သမားများသည် အာဏာရှင်တိုက်ဖျက်ရေးဟု ကြွေးကြော်တိုက်ခိုက်ကြသည်ဆိုသော်လည်း လက်တွေ့တွင် ၎င်းတို့သည်သာ စစ်ဘုရင်၊ ကိုယ်ကျိုးရှာဖွေသူများဖြစ်နေသည်ကို မြင်တွေ့ရသည်။ ဤနိုင်ငံမှာနေ၊ ဤနိုင်ငံမှ ရေကိုသောက်ပြီး ဤနိုင်ငံနေ အပြစ်မဲ့တိုင်းရင်းသားမိဘပြည်သူများကို နည်းအမျိုးမျိုးဖြင့် စဉ်းလဲကောက်ကျစ်စွာ ဒုက္ခပေးနေကြသော သောင်းကျန်းသူများသည် အမျိုးသားသစ္စာဖောက်များဖြစ်ကြ**

❋ **တပ်မတော်သားတို့သည် အမျိုးသားသစ္စာဖောက်၊ အဖျက်သမားသောင်းကျန်းသူများနှင့် ရင်ဆိုင်ခဲ့ကြသည့် တိုက်ပွဲတိုင်းတွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့အမျိုးသားရေးအတွက်ဟူသော ခိုင်ကျည်သည့်သန္နိဋ္ဌာန်စိတ်ဖြင့် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည်ချည်းဖြစ်သည်။ စွန့်လွှတ်စွန့်စားကာ တိုက်ခိုက်ခဲ့ကြ**

## တပ်မတော်၏ ဦးဆောင်ပန်းနှင့် လုပ်ငန်းတာဝန်

ယာလက်ရုံး “စစ်ဆင်”ရာ

တို့တာဝန် အရေးသုံးပါး
အလေးထား ဦးထိပ်တင်
ဦးဆောင်ပန်းသွင်၊
လက်ရုံးထက် ဝဲယာတွင်
ထာဝစဉ် မပျက်သုဉ်း၊
အဓိက တာဝန်သုံး
တပ်မတော်ကျင့်ထုံး။

တွင်းပရန် အဖျက်သမား
အလေးထား မှုန်းချေ၊

ငြိမ်းအေးစေ ပြည်ထောင်တစ်လွှား
စည်ကားညာကြေ၊
ငြိမ်းချမ်းပန်း တဝေဝေ
လေ့ကျင့်နေ မခိုမနား၊
စစ်ဗျူဟာ စစ်ကစား
စိတ်ခန္ဓာ ကြံ့ခိုင်ထွား
ချွေးထွက်များများ။

လေ့ကျင့်ရေးပြည့်စုံပြန်
ပြည်သူ့ထံ မြန်မနေး

လုပ်ကျွေးပြုရန်၊
အဓိက တာဝန်မှန်
ကျေပွန်ရန် လုံ့လပြု၊
ကျိုးနွံစွာ အလေးဂရု
ပြည်သူ့အကျိုးပြု။
ဦးထိပ်ပန် မြတ်ပန်းကုံး

“လေ့ကျင့်” ရာ ဝဲလက်ရုံး
ကျင့်သုံးဘယ်ညာ၊
“ပြည်သူ့တွက် နှံ့သစ္စာ
ပေးလှျကာ နှလုံးသား”၊
သက်ခန္ဓာ မှုမထား
စွန့်လွှတ်စွန့်စား။

(တပ်မတော်နေ့ကို ဂုဏ်ပြုလျက် စွန့်လွှတ်စွန့်စား စစ်သည်များအား သစ္စာစောင့်သိအလေးပြုပါ၏)

ကျော်စေဟန်

☆ စာမျက်နှာ ၆ မှ

တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လက်တွဲဆောင်ရွက်နိုင်မှုအားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကြီးမားသောအင်အားများဖြစ်စေသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖျက်ဆီးမှုများပြားနေပါက ပြည်သူများပင် ဒုက္ခဆင်းရဲအမျိုးမျိုး ကြုံတွေ့နိုင်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အစွမ်းကုန်ဆောင်ရွက်လျက်ရှိသည်။

### ဦးတည်ချက်နှင့်အညီ

၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အတွက် “ဒို့တာဝန် အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိက လုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး” ဟူသည့် ချမှတ်ထားသော ဦးတည်ချက်(၄) ရပ်ကို အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန်အတွက် တပ်မတော်သည် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

> **တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးရလေအောင် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရပြီးဖြစ်သည်။ နိုင်ငံရေးရေစီးကြောင်းတွင်လည်း အနေအထား အမျိုးမျိုးဖြင့် လိုက်ပါလာခဲ့ရပြီးဖြစ်သည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရှေ့တန်းစခန်းအသီးသီး နယ်မြေအသီးသီးတွင် သူရသတ္တိရှိစွာဖြင့် ရန်သူကိုချေမှုန်းခဲ့ကြသလို နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးတာဝန်များတွင်လည်း ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြ**

### နိုင်ငံနှင့် ပြည်သူအတွက်

နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မှု အင်အားသည် အဓိကကျသည်။ နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်သားများက အသက်ပေးကာကွယ်စောင့်ရှောက်နေကြသလို တိုင်းရင်းသားပြည်သူများကလည်း အားတက်သရော ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တပ်မတော်က အစွမ်းကုန်ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်သည် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် တပ်မတော်သားတို့၏ ခန္ဓာ၊ ခြေလက်၊ အသက်ကိုပင်ပေးဆပ်ရန် မတွန့်ဆုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူများအပေါ် မည်မျှချစ်မြတ်နိုးကြောင်းကို သမိုင်းကြောင်းတစ်လျှောက်တွင် သက်သေအခိုင်အမာပြခဲ့ပြီးဖြစ်သည်။ ခေတ်သမိုင်းအဆက်ဆက် မည်သည့်အဖွဲ့အစည်းနှင့်မျှမတူသော အနစ်နာခံမှု၊ စွန့်လွှတ်စွန့်စားမှုမျိုးကို တပ်မတော်သားများက စွမ်းဆောင်ခဲ့ကြောင်းကို အလုပ်ဖြင့် သက်သေပြလျက်ရှိ၍ ယုံမှားသံသယရှိနိုင်မည်မဟုတ်ပေ။ တပ်မတော်ကြီး စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံတော်အတွက်နှင့် တိုင်းရင်းသားမိဘပြည်သူများအတွက် ဖြစ်သကဲ့သို့ ပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံတော်အတွက်၊ မိဘပြည်သူအတွက်ပင်ဖြစ်သည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

### အစွမ်းကုန်ဖြည့်စွမ်းပေး

တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးရလေအောင် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရပြီးဖြစ်သည်။ နိုင်ငံရေးရေစီးကြောင်းတွင်လည်း အနေအထားအမျိုးမျိုးဖြင့် လိုက်ပါလာခဲ့ရပြီးဖြစ်သည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရှေ့တန်းစခန်းအသီးသီး၊ နယ်မြေအသီးသီးတွင် သူရသတ္တိရှိစွာဖြင့် ရန်သူကိုချေမှုန်းခဲ့ကြသလို နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးတာဝန်များတွင်လည်း ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။ အထူးသဖြင့် နိုင်ငံလွတ်လပ်ရေးမဆုံးရှုံးအောင် ကာကွယ်စောင့်ထိန်းခဲ့သည်ကို အမှန်ကိုအမှန်အတိုင်း၊ အရှိကို အရှိအတိုင်း မြင်တတ်၊ သိတတ်သူများအနေဖြင့် တပ်မတော်၏ ဆောင်ရွက်ချက်များကို ကြိုဆိုလက်ခံခဲ့ကြသလို အဆိုးမြင်ဝါဒီများနှင့် အဖျက်သမားများက နိုင်ငံတော်အား အမျိုးမျိုးအဖုံဖုံ နှောင့်ယှက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါလျှင် တပ်မတော်သည် အတိတ်က ခါးသီးခဲ့သော သင်ခန်းစာများကို တစ်ပွေ့တစ်ပိုက်ရယူလျက် တိုင်းရင်းသားပြည်သူများ၏ဆန္ဒကို ဖြည့်စွမ်းပေးသည့် တပ်မတော်အဖြစ် ရပ်တည်လျက် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကာ **“ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့အမျိုးသားအတွက်”** ဟူသော ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် ထာဝစဉ်ရှင်သန်ရပ်တည်လျက်ရှိသော တပ်မတော်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၅**

“တွေ့ဆုံ ဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေး စကားဝိုင်း – Peace Talk 2025 ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။



ငြိမ်းချမ်းရေး စကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ပြီး “လက်ရှိ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အနာဂတ် အလားအလာ” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မျိုးက ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)က ဆောင်ရွက်ပြီး “ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေး ကြံ့ကြံ့ခံမှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့်ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာဇော်ဦးက ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူကိုယ်စားလှယ် အသီးသီးက အကြံပြုခြင်း၊ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” ၌ “နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ့ငြိမ်းချမ်းရေးအခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဦးမောင်မောင်ငြိမ်းက ဦးဆောင်ဆွေးနွေးသည်။

ယင်းနောက် “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ” တွင် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာညိုညိုသင်းကဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူ ကိုယ်စားလှယ် အသီးသီးက အကြံပြုခြင်း၊ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ငြိမ်းချမ်းရေးစကားဝိုင်း ဒုတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

ငြိမ်းချမ်းရေး စကားဝိုင်း တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

## စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း နေပြည်တော်၌ လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေး နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ Brilliant Aura Co.,Ltd ၊ Bellarie Production တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်အဖြစ် နေပြည်တော်၌ ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ပါကြောင်း၊ ယခုနှစ်သည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို UNESCO က ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုပြီးနောက် ပထမဆုံးအကြိမ် ဂုဏ်ပြုကျင်းပမည့် ပွဲတော်ဖြစ်သည့်အတွက် အနှစ်သာရအားဖြင့် လေးနက်သည့် ပွဲတော်တစ်ခုဖြစ်သည်ဟု ဆိုချင်ပါကြောင်း။

ဝန်ကြီးဌာနအလိုက်မဏ္ဍပ်များ အချိန်မီပြီးစီးရေး၊ ရေကစားခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ လုပ်ဆောင်နိုင်ရေး၊ ဖျော်ဖြေရေး အစီအစဉ်များတွင် အလှည့်ကျ ပါဝင်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတကာမှ ဧည့်သည်များ၊ သံတမန်များ၊ အနုပညာရှင်များ၊ ကိုရီးယားနိုင်ငံမှ K – Pop အဆိုတော်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် ရည်မှန်းချက်နှင့် အနှစ်သာရကို မိမိတို့ဝန်ထမ်းများ၊ ပြည်သူများ သိရှိပြီး စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။




နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမှာစကားပြောကြားစဉ်။

ထို့နောက် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နေပြည်တော် လမ်းလျှောက် သင်္ကြန်တွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ဇုန်(၁)တွင် ဆောင်ရွက်မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် သနပ်ခါးသင်္ကြန်တို့တွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း၊ အနုပညာဦးစီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်မည် ဖြစ်သလို နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင်လည်း အားဖြည့်ပါဝင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပသည့် ဇုန်၊ ဧရိယာတစ်ခုလုံး စည်းကမ်းထိန်းသိမ်းနိုင်ရေး၊ လုံခြုံရေးနှင့် ခမ်းခမ်းနားနား အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Brilliant Aura Co.,Ltd မှ ပရောဂျက် ဒါရိုက်တာက နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက နေပြည်တော်လမ်းလျှောက်သင်္ကြန် မဏ္ဍပ်ဆောက်လုပ်ရန် လျာထားမှု၊ လုံခြုံရေး၊ ရေရရှိရေး၊ ဖျော်ဖြေရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး အပါအဝင် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ထမ်းများနှင့် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ ဖြေရှင်းရမယ်။ စားပွဲဝိုင်းရောက်အောင် အားလုံးအတူဝိုင်းဝန်းကြိုးပမ်းကြရပါလိမ့်မယ်

**ဦးမျိုးဝင်း**

"တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပလျက်ရှိရာ မတ် ၂၅ ရက်တွင် ကျင်းပသည့် ဒုတိယနေ့ ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဦးမျိုးဝင်း



ဒေါက်တာဇော်ဦး



ဦးကိုကို




ဦးရဲမင်းအောင်



ဒေါက်တာသက်သက်ခိုင်

**ဦးမျိုးဝင်း**
**Coordinator၊ 7 EAO Alliance Secretariat**

ကျွန်တော်တို့ ဒီနေ့ မနက်ပိုင်းမှာ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ အနာဂတ် အလားအလာခေါင်းစဉ်ကို ဆွေးနွေးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပါဝင်တဲ့ ဆွေးနွေးမှုတွေကနေ သုံးသပ်တင်ပြထားတယ်။ NCA မူဘောင်အတိုင်း အကောင်အထည်ဖော်ဖို့ အတွက်ဆိုရင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုအခက်အခဲတွေ မရှိလာအောင် ဆွေးနွေးညှိနှိုင်းသွားကြဖို့ သုံးသပ်တွေ့ရှိရပါတယ်။ လက်ရှိပဋိပက္ခနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို မီဒီယာကနေ တစ်ဆင့် ပြည်သူလူထုသိရှိနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားရမယ်၊ ဆွေးနွေးကြရမယ်၊ တင်ပြရမယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ ဖြေရှင်းရမယ်။ စားပွဲဝိုင်းရောက်အောင် အားလုံးအတူဝိုင်းဝန်း ကြိုးပမ်းကြရပါလိမ့်မယ်။

**ဒေါက်တာဇော်ဦး**
**စီးပွားရေးသုတေသီ**

ဒီနေ့ ဆွေးနွေးပွဲမှာတော့ "ပဋိပက္ခလျှော့ချရေး ကာလအတွင်း စီးပွားရေးကြံ့ကြံ့ခံမှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့် ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း" ဆိုတဲ့ခေါင်းစဉ်နဲ့ အကြံပြု ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပဋိပက္ခတွေများနေတဲ့အချိန်မှာ ငြိမ်းချမ်းရေးကို ဆွေးနွေးဖို့အတွက် စကားဝိုင်းတစ်ခုကို ခေါ်တဲ့အခါမှာ တချို့ကလည်း ဒီအပေါ်မှာ အားမလိုအားမရဖြစ်နေကြတာတွေ ရှိပါတယ်။

ကျွန်တော်ကတော့ ဒီနေ့ ဆွေးနွေးပွဲ တက်ရောက်တဲ့သူတွေအားလုံးကို အားတက်အောင်၊ မျှော်လင့်ချက်တွေရှိအောင် အခုလို ပဋိပက္ခတွေနဲ့ စိန်ခေါ်မှုတွေကြားထဲက စီးပွားရေးကို ကြံ့ကြံ့ခံစွမ်းဆောင်နေတဲ့ ကဏ္ဍတွေက ဘာတွေရှိနေသလဲ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍပေါ့။ ပဋိပက္ခတွေ တည်ရှိနေတဲ့ ရှမ်းပြည်နယ်မှာ အထူးစိုက်ပျိုးတဲ့ ပြောင်းသီးနှံဟာ ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံရဲ့ အရင်တင်ပို့နေကျထက် သုံးဆလောက် တက်လာတာတွေ့ရပါတယ်။

ဒီလိုပဲ ပဋိပက္ခတွေကြားထဲမှာ ကြံ့ကြံ့ခံ ဆောင်ရွက်နေတဲ့ စီးပွားရေးတွေ ရှိနေပါတယ်။ ကမ္ဘာပေါ်မှာ ဒုတိယအကြီးဆုံး စီးပွားရေးက တရုတ်နိုင်ငံဖြစ်သလို မကြာခင်မှာလည်း တတိယအကြီးဆုံးက အိန္ဒိယနိုင်ငံဖြစ်တော့မယ်။ ပဋိပက္ခတွေရှိနေလို့ စီးပွားရေးကျဆင်းတယ်ဆိုပေမယ့် ကျွန်တော်တို့ ပဋိပက္ခတွေ ရပ်နိုင်တာနဲ့ တစ်ပြိုင်တည်း ဒီနိုင်ငံတွေနဲ့ ချိတ်ဆက်နေတဲ့ ကျွန်တော်တို့နိုင်ငံက ချက်ချင်းလက်ငင်း ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ချက် ကြီးကြီးမားမားရှိနေတယ်။ ဒါကြောင့်မို့ အခုလောလောဆယ် ပဋိပက္ခလျှော့ချဖို့နဲ့ ပဋိပက္ခရပ်စဲဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ နေရာတွေအားလုံးက ပဋိပက္ခတွေဖြစ်နေတာ မဟုတ်ပါဘူး။ ပဋိပက္ခတွေ မရှိတဲ့နေရာတွေ၊ ငြိမ်းချမ်းရေးကို ကြံ့ကြံ့ခံပြီး ဆက်လက်ထိန်းထားတဲ့ ဒေသတွေရဲ့ စွမ်းဆောင်မှုကိုလည်း အသိအမှတ်ပြုဖို့ လိုပါတယ်။

သူတို့ရဲ့ အောင်မြင်မှုကိုလည်း ကျွန်တော်တို့ လေ့လာသုံးသပ်ပြီးတော့ အတုယူသင့်ပါတယ်ဆိုပြီး ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြခဲ့ပါတယ်။

**ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)**
**ဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်ရေးအဖွဲ့**

ဒီသုံးလေးနှစ် အတွင်းမှာ ပထမဦးဆုံး နယ်ပယ်စုံကလူတွေနဲ့ ငြိမ်းချမ်းရေးကိစ္စအတွက် စကားဝိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ နိုင်ငံတော်က ငြိမ်းချမ်းရေးကိုအမှန်တကယ် လိုလိုလားလားရှိတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ဒီဇင်ဘာလထဲ ရွေးကောက်ပွဲပြုလုပ်ဖို့အတွက် သေချာဆောင်ရွက်ကြဖို့ လမ်းညွှန်ထားတယ်။ ၂၀၂၅ အလွန်မှာ နိုင်ငံတော်က စနစ်ကြီးတစ်ခုပြောင်းမယ်။ ပြောင်းမယ့်အချိန်မှာ အရေးကြီးဆုံးက ဘာလဲဆိုတော့ နိုင်ငံတော်တည်ငြိမ်ဖို့ ငြိမ်းချမ်းမှုရှိဖို့လိုတယ်။ အဲဒီအတွက် အခင်းအကျင်းတွေကို အားလုံးဝိုင်းပြီး ဖြစ်လာနိုင်မယ့် အသံတွေမျိုးစုံကို နားထောင်တာဖြစ်ပါတယ်။

ဒီနေ့ကတော့ ဒုတိယနေ့ဖြစ်တဲ့အတွက် ဆွေးနွေးမှုတွေက အရှိန်မြင့်လာတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးဆိုပြီး အပိုင်းနှစ်ပိုင်းခွဲ ဆွေးနွေးကြတယ်။ ကျွန်တော်ကတော့ နိုင်ငံရေးကဏ္ဍမှာ ဝင်ရောက်ပြီးတော့ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးတင်ပြခွင့်ရခဲ့တယ်။ ပြီးတော့ မတူညီတဲ့အမြင်တွေနဲ့ မသိသေးတဲ့အရာတွေကိုလည်း သိခဲ့ရတယ်။

နိုင်ငံတော်က အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးကိစ္စမှာ ဒီဆွေးနွေးပွဲရလဒ်တွေက အထောက်အကူပြုမယ်လို့ မြင်ပါတယ်။ မြန်မာနိုင်ငံကြီး ငြိမ်းချမ်းဖို့လိုပါတယ်။ ငြိမ်းချမ်းမှ အားလုံးဖွံ့ဖြိုးတိုးတက်မှာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ဖို့ အရေးကြီးဆုံးကတော့ နိုင်ငံတော်က ဘယ်လိုပဲလုပ်လုပ်၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ဘယ်လိုပဲညှိညှိ ပြည်သူတွေအားလုံး ပါဝင်လာဖို့လိုပါတယ်။ ဒါကြောင့်ပြည်သူအားလုံးရဲ့စိတ်ထဲမှာ ငြိမ်းချမ်းချင်တဲ့စိတ်တွေရှိဖို့ လိုပါတယ်။

**ဦးရဲမင်းအောင်**
**ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်**

နိုင်ငံတော်ကနေ စီစဉ်ကျင်းပတဲ့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲမှာ စီးပွားရေးနယ်ပယ်ကနေလာရောက်ပြီးတော့ ပါဝင်ဆွေးနွေးတာ ဖြစ်ပါတယ်။ စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ၊ အခက်အခဲတွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ စီးပွားရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ငြိမ်းချမ်းရေးကအရေးပါသလို ငြိမ်းချမ်းရေးအတွက်လည်း စီးပွားရေးက အရေးပါတဲ့အတွက် အပြန်အလှန်အကျိုးပြုနေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက လယ်ယာသားငါးလုပ်ငန်းတွေကို အခြေခံတာဖြစ်တဲ့အတွက် လယ်ယာသားငါးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ အကြံပြုတင်ပြဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတော် အကြီးအကဲကလည်း ရွေးကောက်ပွဲကျင်းပဖို့ ပြောထားတာ ရှိတဲ့အတွက်ကြောင့် ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ ပြီးတဲ့အချိန် ရေတိုရေရှည် ဆောင်ရွက်သွားရမယ့် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ့် စီးပွားရေး အနေအထားတွေအပေါ်မှာ ကျွန်တော်တို့ပုဂ္ဂလိကထင်မြင်ယူဆချက်တွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲကျင်းပတဲ့အတွက် မိတ်ဆွေတွေနဲ့ ပြန်တွေ့ခဲ့ရတယ်။ မတူညီတဲ့ အယူအဆတွေ၊ အမြင်တွေ နားထောင်ရတယ်၊ အချင်းချင်း လည်းမျှဝေနိုင်တယ်။ တစ်ယောက်ရဲ့ အခက်အခဲကိုလည်း တစ်ယောက်က ကူညီစဉ်းစားပြီးတော့ ဖြေရှင်းပေးနိုင်တယ်။ ဘာပဲပြောပြော ယုံကြည်မှု၊နားလည်မှုတွေ တည်ဆောက်နိုင်တယ်။

မြန်မာနိုင်ငံမှာ နေထိုင်ပြီးတော့ မြန်မာနိုင်ငံရဲ့ ရေရှည်အကျိုးစီးပွား၊ ပုဂ္ဂလိကအကျိုးစီးပွားတွေကို မျှမျှတတ တိုင်ပင်ညှိနှိုင်းဆွေးနွေးနိုင်တယ်။ အားလုံးအတူလက်တွဲပြီးတော့ အလုပ်လုပ်နိုင်တယ်။ ဒါဟာကောင်းမွန်တဲ့ အစဉ်အလာနဲ့ အလေ့အထဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့ ဒီလိုဆွေးနွေးပွဲတွေကို တရားဝင်အစည်းအဝေး ခန်းမမှာ ဆောင်ရွက်သလို အလွတ်သဘောမကြာခဏ ထိတွေ့ဆွေးနွေးမှုတွေကနေလည်း ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို သွားရမယ်လို့ ထင်ပါတယ်။

**ဒေါက်တာသက်သက်ခိုင်**
**ဥက္ကဋ္ဌ၊ ပြည်သူ့ရှေ့ဆောင်ပါတီ**

ဒီလို ဆွေးနွေးပွဲတွေက ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုပါတယ်။ ဒီဆွေးနွေးပွဲတွေကနေ လူတစ်ယောက်ချင်းစီရဲ့ ရင်ထဲမှာရှိတဲ့ သဘောထားအမြင်တွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခွင့် ရတယ်။ အချင်းချင်း နားလည်မှုယူပြီးတော့ အလုပ်လုပ်တဲ့သဘောဖြစ်တဲ့အတွက် ယုံကြည်မှုတည်ဆောက်တာလည်း ဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာ လူသစ်တွေနဲ့ တွေ့ရတယ်၊ မတူညီတဲ့ရှုထောင့်ကနေဆွေးနွေးမှုတွေကို ကြားသိရတယ်။ လူတိုင်းက ကိုယ့်ရဲ့အတွေးအခေါ် အယူအဆ၊ မျှော်လင့်ချက်၊ အတွေ့အကြုံတွေကို လွတ်လွတ်လပ်လပ် ပြောဆိုခွင့်ရတဲ့အတွက် တဖြည်းဖြည်း ကွာဟမှုက ကျဉ်းမြောင်းလာပြီး နားလည်မှုတွေ၊ လက်ခံမှုတွေ တူညီသွားပြီးတော့ ငြိမ်းချမ်းရေးနဲ့ နီးစပ်သွားပါတယ်။

တွေ့ဆုံမေးမြန်း
**သန်းကျော်အောင်**
ဓာတ်ပုံ – **ကိုထိန်**

---

**❂ နောက်တန်းကစားသမားမှ**

အသက် ၃၇ နှစ်အရွယ်ရှိ အန်ဒါလက်ချ်အသင်းခေါင်းဆောင် ဗာတွန်ဂန်ဟာ ၂၀၁၂ ခုနှစ်နဲ့ ၂၀၂၀ ပြည့်ခုနှစ်အတွင်း စပါးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၃၁၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်းက စပါးအသင်းကို ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်အဆင့်တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အပြင် တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

နောက်တန်းကစားသမား ဗာတွန်ဂန်ဟာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၅၇ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီက ဘယ်လ်ဂျီယံနိုင်ငံ လက်ရွေးစင်အသင်းရဲ့ ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။

**ဆုဖလားပေါင်းများစွာ ရယူပေးနိုင်**

နောက်တန်းကစားသမား ဗာတွန်ဂန်ဟာ အေဂျက်အသင်းကနေ စပါးအသင်းကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အေဂျက်အသင်းအတွက်လည်း ဆုဖလားပေါင်းများစွာ ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

**ငွေကြယ်**

**❖ MNL မှ**

ထို့ပြင် ရခိုင်ယူနိုက်တက်အသင်းသည် မဟာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမားအောင်လှိုင်ဝင်းနှင့် ရှမ်းယူနိုက်တက်အသင်းမှ ဒဂုံစတားယူနိုက်တက်အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်ကွင်းလယ်ကစားသမား အောင်နိုင်ဝင်းတို့ကို တစ်ရာသီစာချုပ်များဖြင့် ခေါ်ယူခဲ့သည်။ ထို့အတူ ပြီးခဲ့သည့် ၂၀၂၄ MNL League Cup ပြိုင်ပွဲတွင် ကာလတို လာရောက်ကစားခဲ့ဖူးသည့် မြန်မာ့လက်ရွေးစင်ဟောင်း တောင်ပံတိုက်စစ်ကစားသမား ကြည်လင်းကိုလည်း ပြန်လည်ခေါ်ယူခဲ့သည်။

**သတင်း–ကိုညီလေး**

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၅**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး၊ အလုပ်သမားသံအရာရှိနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်ပါအချက်များ အောင်မြင်စေရေး သက်ဆိုင်ရာကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအကြား ညှိနှိုင်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီဝင်များအနေဖြင့် မြန်မာလုပ်သားများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ပြည်ပနိုင်ငံသို့ မထွက်ခွာမီ၊ ပြည်ပနိုင်ငံသို့ ရောက်ရှိ အလုပ်လုပ်ကိုင်နေစဉ်နှင့် ပြည်ပနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်အထိ အပိုင်းလိုက်ခွဲခြားကာ ဆွေးနွေးပေးစေလိုပါကြောင်း၊ ပြည်ပတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် မြန်မာလုပ်သားများအနေဖြင့် ဝင်ငွေခွန်နှစ်ရာခိုင်နှုန်းကို သက်ဆိုင်ရာနိုင်ငံများ၏ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံသားပီသစွာဖြင့် ထမ်းဆောင်နေကြသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ဝင်ငွေခွန်ထမ်းဆောင်သော ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ မိမိတို့ရရှိသည့် လစာငွေ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ် အနေဖြင့် လျှပ်စစ်သုံး မော်တော်ယာဉ်/လျှပ်စစ်သုံး မော်တော်ဆိုင်ကယ် တင်သွင်းခွင့်များ ပေးအပ်လျက်ရှိပါကြောင်း၊ ပြည်ပရောက်လုပ်သားများမှ မိသားစုထံလွှဲပို့ငွေများကို တရားဝင်နည်းလမ်းဖြင့် လုံခြုံမြန်ဆန်ချောမွေ့စွာ အခက်အခဲမရှိ လွှဲပို့နိုင်ရေး ဘဏ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ငွေလွှဲဟွန်ဒီလုပ်ငန်းလုပ်ကိုင်နေသူများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ရရှိသတင်းများကို မျှဝေကာ ဖော်ထုတ်အရေးယူနိုင်ရန်လိုအပ်ကြောင်း၊ မြန်မာအေဂျင်စီများအနေဖြင့် မြန်မာလုပ်သားများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် သက်ဆိုင်ရာနိုင်ငံများသို့ ပို့ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် မြန်မာလုပ်သားများအတွက် ထိရောက်အကျိုးရှိသည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်သည့် ရည်ရွယ်ချက်၊ နိုင်ငံများနှင့် စည်းကြပ်သည့်ဥပဒေနှင့်အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုအခြေအနေများ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှု အခြေအနေများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးသည်။

ယင်းနောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်အချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကော်မတီဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုခြင်းအတွက် ပင်လယ်ရေနေ နို့တိုက်သတ္တဝါကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုခြင်းအတွက် ပင်လယ်ရေနေ နို့တိုက်သတ္တဝါ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြားလာမှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမေရိကန်နိုင်ငံ၏ သွင်းကုန်စည်းမျဉ်းများအရ အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့သည့်အခါ အမေရိကန်နိုင်ငံမှ အတည်ပြုပြဋ္ဌာန်းထားသော ပင်လယ်ရေနေနို့တိုက်သတ္တဝါများ ထိန်းသိမ်းကာကွယ်ရေးဥပဒေ (Marine Mammal Protected Act – MMPA ) နှင့်အညီ ဆောင်ရွက်မှသာ တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ သမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးဌာန၏ နိုင်ငံအဆင့် ပင်လယ်ငါးဖမ်းလုပ်ငန်းအဖွဲ့က ပြည်ပနိုင်ငံများမှ တင်သွင်းလျှောက်ထားခဲ့သည့် 2021–Comparability Finding Application Report များတွင် ပင်လယ်ရေနေ နို့တိုက်သတ္တဝါ မတော်တဆဖမ်းဆီးရမိမှုနှင့် သေဆုံးမှုအချက်အလက်များကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများ၊ တင်သွင်းနိုင်ငံများ၏ ငါးလုပ်ငန်းအချက်အလက် သဘောသဘာဝ၊ စည်းမျဉ်းစည်းကမ်းများတွင် နှိုင်းယှဉ်ရန် စိန်ခေါ်မှုများနှင့် တင်သွင်းနိုင်ငံများအပေါ် မျှတ၍ သမာသမတ်ကျသော ဆုံးဖြတ်ချက်များ ထွက်ပေါ်လာစေရန်အတွက် စိစစ်အကဲဖြတ်အပြီးသတ်ရန် အချိန်လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့သည့်အတွက် ပြည်ပနိုင်ငံများမှ ပင်လယ်ရေနေ နို့တိုက်သတ္တဝါကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ရေထွက်ကုန်တင်သွင်းမှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကင်းလွတ်ခွင့်သက်တမ်း ထပ်မံတိုးပေးကြောင်း အကြောင်းကြားထားရှိခဲ့ပါကြောင်း။

အဆိုပါ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သက်သေအထောက်အထားများနှင့် ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မတိုင်မီ ပြန်လည်ပေးပို့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု



အစည်းအဝေးတွင် ရေထွက်ကုန်ပစ္စည်းများ အမေရိကန်နိုင်ငံသို့ စဉ်ဆက်မပြတ် တင်ပို့ခွင့်ရရှိရေးအတွက် အကြံပြုချက်များဖြင့် ပူးပေါင်းပါဝင်ဆွေးနွေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေနေနို့တိုက်သတ္တဝါများ မတော်တဆဖမ်းဆီးမှု လျှော့ချနိုင်ရေးအတွက် ရေနေနို့တိုက်လုပ်ငန်းကြီးကြပ်ရေးနှင့် အခွန်ဌာနခွဲမှ ညွှန်ကြားရေးမှူးက NOAA 30 အကြံပြုထားရှိသည့် နည်းလမ်းများ၊ နိုင်ငံတကာမှ သုတေသနဆောင်ရွက်ချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် ရေနေနို့တိုက်သတ္တဝါများ ထိခိုက်သေဆုံးခြင်း မဖြစ်ပေါ်စေရေး ရှောင်ရှားရမည့် ကိရိယာနှင့်နည်းလမ်းများ၊ ဖမ်းဆီးရမိပါက ပြန်လည်လွှတ်ပေးရန်၊ ထိန်းသိမ်းကာကွယ်ရန်နှင့် ဖမ်းဆီးရရှိမှုလျှော့ကျစေရေး ညွှန်ကြားချက်များ၊ အကြောင်းကြားခြင်းများ ထုတ်ပြန်ပေးထားပြီး အခြေအနေများ၊ တရွတ်ဆွဲငါးဖမ်းရေယာဉ်များတွင် TEDs များ တပ်ဆင်ထားရှိမှုနှင့် စစ်ဆေးကြပ်မတ်ခြင်း၊ နိုင်ငံတကာနှင့် လေ့လာစောင့်ကြည့်သူများ သိရှိလေ့လာနိုင်စေရန် ( မြန်မာ–အင်္ဂလိပ်) နှစ်ဘာသာဖြင့် ငါးလုပ်ငန်းဦးစီးဌာန Website တွင် လွှင့်တင်ထားရှိမှု၊ NOAA Website မှ သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ထားသော ရေနေနို့တိုက်သတ္တဝါများ မတော်တဆဖမ်းဆီးရမိမှု လျှော့ကျစေရေးအတွက် ရှောင်ရှားရမည့် ကိရိယာနှင့် နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက NOAA မှ ရှောင်ရှားခြင်းပြုရန် အကြံပြုထားသည့် လုပ်ငန်းများ လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာဆောင်ရွက်မှုများ မှတ်တမ်းမှတ်ရာများ ထားရှိတင်ပြကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သရက်မြို့၌ ဆေးပဒေသာပင်အလှူငွေပေးအပ်ပွဲ ကျင်းပ

**သရက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သရက်ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး သရက်ခရိုင် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာညွှန့်ရွှေအောင်က သရက်ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံပဒေသာပင်ရသုံးအခြေအနေနှင့် ကျန်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင် ဦးတင်အောင်မြင့်က လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ သရက်ခရိုင် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာညွှန့်ရွှေအောင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အခြေခံပညာစာမေးပွဲများ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ နှစ်ဝက်ဆုံးစာမေးပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် မတ် ၂၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။



### တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အခြေခံပညာ စာမေးပွဲများ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ နှစ်ဝက်ဆုံးစာမေးပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ စာမေးပွဲများအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးခဲ့ကြသည့် အခြေခံ၊ အဆင့်မြင့်၊ ဆရာအတတ်ပညာများမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအားလုံးကို အထူးပင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ အဖြေလွှာများကို စစ်ဆေးရာတွင် အမှားအယွင်းမရှိအောင် အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နွေရာသီကျောင်းပိတ်ရက်များတွင် ဆရာ ဆရာမများ၏ သင်ကြားသင်ယူမှုနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးများ တိုးတက်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သက်ဆိုင်ရာ မွမ်းမံသင်တန်းများတွင် ကြိုးပမ်းသင်ယူကြစေလိုကြောင်း၊ ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားနေမှသာ အရည်အချင်းရှိသည့် ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက်လည်း နွေရာသီတွင် အကျိုးရှိ ထိရောက်စေမည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုပါကြောင်း၊ ပညာရေး အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်ကြေး၊ကျောင်းလခများကို ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဖြင့် မတ် ၁၇ ရက်မှ စတင်ဆောင်ရွက်နေပါကြောင်း၊ နွေရာသီ ဆရာ ဆရာမ အရည်အသွေးမြှင့် သင်တန်းဖွင့်လှစ်ရာတွင် ဘာသာရပ်အရည်အသွေးသာမက သင်ပြနည်းအရည်အသွေးတိုးတက်စေရန် ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် ကျင့်သုံးနေသော Interactive Teaching and Learning စနစ်ဖြင့် အပြန်အလှန် ဆွေးနွေးသင်ကြားသင်ယူနည်းကို လေ့ကျင့်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများအားလုံး ညီညီနှိုင်းနှိုင်း၊ စည်းစည်းလုံးလုံး ဆောင်ရွက်မည်ဆိုပါက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံး ရည်မှန်းချက်များကို အခက်အခဲမရှိ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ဦးကျော်တင်ရှိန် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၂၅

အီဂျစ်အာရပ်သမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်တင်ရှိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကိုင်ရိုမြို့ ဟေလီယိုပိုးလစ်ရှိ သမ္မတအိမ်တော်၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်(ဘ်)ဒယ် ဖာတာ အယ်လ်စီစီ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။



သတင်းစဉ်

---

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ် စငေါ်ကျေးရွာအုပ်စုနှင့် စံဖူးကျေးရွာအုပ်စုရှိ ဘန့်ပိန်း-ဟိုဟွေးကျေးရွာချင်းဆက်မြေသားလမ်း ၁ မိုင် ၄ ဖာလုံအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံကျေးရွာခြောက်ရွာမှ လူဦးရေ ၄၇၄၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၉ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၀ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းပြင်ထိန်း လေးမိုင်၊ ကတ္တရာလမ်း လေးမိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၁၁ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်တံတား ရှစ်စင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း နှစ်ခု၊ ကျောက်စီရေမြောင်း ပေ ၁၅၀၊ မြေပြိုဖယ်ရှားခြင်း ၅ မိုင် ၆ ဖာလုံ၊ လမ်းတာချဲ့ခြင်း ၂ မိုင် ၂ ဖာလုံ၊ ပညာရေးလုပ်ငန်း နှစ်ခု၊ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း တစ်တွင်း၊ သာသနာရေးလုပ်ငန်း ရှစ်ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ခြောက်ခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်း ခြောက်ခုအား စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈၆၂ ဒသမ ၂၁၅ ကျပ်သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



---

## ဥတ္တရသီရိမြို့နယ်၌ ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်နှင့် ဥတ္တရသီရိမြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉ နာရီက ဥတ္တရသီရိမြို့နယ်ရှိ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



### ဆွေးနွေးပို့ချ

အခမ်းအနားတွင် ဥတ္တရခရိုင် ပညာရေးမှူး ဒေါက်တာမာမာဇင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းက ဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးက သင်တန်းသားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါ ဆွေးနွေးပွဲတွင် အခြေခံပညာအထက်တန်းအဆင့် သင်တန်းသား သင်တန်းသူ ၄၂၂ ဦးကို သင်တန်းနည်းပြ ၃၄ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် သင်တန်းသား သင်တန်းသူ ၂၀၅ ဦးကို သင်တန်းနည်းပြ ၁၆ ဦးနှင့် အခြေခံပညာမူလတန်းအဆင့် သင်တန်းသား သင်တန်းသူ ၃၈၁ ဦးကို သင်တန်းနည်းပြ ၂၈ ဦးတို့ကလည်းကောင်း သင်တန်းကာလ လေးရက်ကြာ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

# အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) အသိပညာပေးအစီအစဉ်ကျင်းပ



နေပြည်တော် မတ် ၂၅

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း– NSPAW (၂၀၂၃-၂၀၃၂) အသိပညာပေးအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအသိပညာပေးအစီအစဉ်သို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသမီးအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း– NSPAW (၂၀၂၃-၂၀၃၂)ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပူးပေါင်း ဆောင်ရွက်လာစေရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကိုသာမက တိုင်းဒေသကြီး/ပြည်နယ်များကိုပါ အသိပညာပေးဆောင်ရွက်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းသည် နိုင်ငံတကာနှင့်ဒေသတွင်းမျက်နှာစာတွင် မိမိတို့နိုင်ငံ၏ အမျိုးသမီးကဏ္ဍ မြှင့်တင်မှုကို ပေါ်လွင်ထင်ရှားအောင် ပြသနိုင်မည့် ပြယုဂ်တစ်ခုအနေဖြင့် မှတ်တမ်းတင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံချက်ပါ ရည်မှန်းချက်များပြည့်မီရန် အားလုံးဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း–NSPAW (၂၀၂၃-၂၀၃၂) ရေးဆွဲထားရှိမှု လုပ်ငန်းစဉ်နှင့် စီမံကိန်းအကောင်အထည်ဖော်မှု အထောက်အပံ့ဖြစ်စေရေး ကျား၊ မ ရေးရာ တာဝန်ခံ Gender Focal Point များ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စီမံကိန်းပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း NSPAW (၂၀၂၃-၂၀၃၂) စာအုပ်ကို ဖြန့်ချိသည့် အစီအစဉ်အား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၃) သင်တန်းဖွင့်



နေပြည်တော် မတ် ၂၅

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၃)(Diploma in IFRS၊ Batch–I၊ Level–III) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံစာရင်းကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ လိုက်နာရေးဆွဲထုတ်ပြန်ရာ၌လည်းကောင်း၊ စာရင်းစံဆိုင်ရာ အသိပညာဗဟုသုတများ သိရှိနားလည်၍ စာရင်းပညာပြန့်ပွားစေရန်နှင့် စာရင်းပညာတတ်ကျွမ်းသူနိုင်ငံ့ဝန်ထမ်းများ တိုးပွားများပြားလာစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် လေ့လာသင်ယူခဲ့ရသည့် သင်ခန်းစာများကို လက်တွေ့တွင် ပြန်လည်အသုံးချခြင်းဖြင့် စာရင်းကိုင်စနစ် ပိုမိုတိုးတက်ကောင်းမွန်ရန် ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ IFRS စာရင်းစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ဆီလျော်မှန်ကန်သောစာရင်းများဖြစ်အောင် ပြုစုရေးဆွဲ၍ အကြံပြုချက်များပေးရာတွင်လည်းကောင်း၊ စာရင်းစံများနှင့်အညီဖြစ်စေရေး စိစစ်ကြီးကြပ်စစ်ဆေးကြရာတွင်လည်းကောင်း ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများရှိသည့် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ မူဘောင်များကို လိုက်နာကျင့်သုံးလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စွမ်းဆောင်ရည်ပိုမိုပြည့်ဝတိုးတက်လာနိုင်ခြင်း၊ ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဖြစ်ပေါ်စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

IFRS သင်တန်းတွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၂ ခုကို ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၁၁ ဦး၊ ဝန်ကြီးဌာန ၁၃ ခုမှ ၃၂ ဦး စုစုပေါင်းသင်တန်းသား ၄၃ ဦး တက်ရောက်မည်ဖြစ်ကာ IFRS သင်တန်းကို ယနေ့မှစ၍ ဇူလိုင် ၁၅ ရက်အထိ သင်တန်းကာလ သုံးလကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ Level (III)အထိ တက်ရောက်အောင်မြင်သူများကို ဒီပလိုမာလက်မှတ် (Diploma in IFRS) ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်၌ ပေါင်းစည်းလယ်ယာနှင့်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးနိုင်၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၃ ရက် နံနက်ပိုင်းက ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူ ဦးမောင်သင်၏ ညောင်လွန့်ကွင်း ပေါင်းစည်းလယ်ယာ ရှင်းလင်းဆောင်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ဇော်တို့က ပေါင်းစည်းလယ်ယာအတွင်း သီးနှံစိုက်ပျိုးမှု၊ ဆည်ရေဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပေါင်းစည်းလယ်ယာပိုင်ရှင် ဦးမောင်သင်က နွား၊ ဆိတ်၊ ငါးမွေးမြူရေးနှင့် သဘာဝမြေဩဇာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြီး နေပြည်တော်ကောင်စီဝင်က ပေါင်းစည်းလယ်ယာစနစ် ပိုမိုဖွံ့ဖြိုးလာရေးလုပ်ငန်းများအား ဆွေးနွေးမှာကြားသည်။ ယင်းနောက် ငါးမွေးမြူရေးကန်များ၊ နွား၊ ဆိတ်မွေးမြူရေးနှင့် နွေစပါး ပေါ်ဆန်းမွေး ဧက ၃၀ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ရေအေးကျေးရွာအနီး စိုက်ပျိုးစီးပွားအသိပညာပေးစင်တာခန်းမသို့ရောက်ရှိပြီး တောင်သူများနှင့်တွေ့ဆုံရာ နေပြည်တော် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ထွန်းအောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းရန်ပုံငွေအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းမှန်ကန်စွာအသုံးချပြီ ပန်းတိုင်အထွက်နှုန်းကောင်းမွန်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး တစ်ပိုင်တစ်နိုင် ထင်းစိုက်ခင်းများ စီမံစိုက်ပျိုးကြရေး၊ ရပ်ရွာလုံခြုံရေးကောင်းမွန်အောင် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး ဒေသခံတောင်သူများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြမှုများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်တာဝန်ရှိသူများသည် ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သော လယ်မြေများတွင် တောင်သူ ကိုးဦး (၄၅ ဒသမ ၅ ဧက)၏ ပြန်လည်စိုက်ပျိုးထားသော နွေပဲတီစိမ်းသီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

## အစ္စရေး၏တိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း သတင်းထောက်သေဆုံး




**ဂျေရုဆလင် မတ် ၂၅**

ဂါဇာဒေသတွင် ဂျပန်သတင်းစာ အဆာဟိရှင်ဘွန်း၏ ဌာနေသတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်နေသူ ပါလက်စတိုင်း သတင်းထောက်တစ်ဦး အစ္စရေး၏တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ သတင်းထောက် မိုဟာမက်မန်ဆောသည် ဂါဇာဒေသတောင်ပိုင်း ခန်းယူနွတ်မြို့တွင် ယမန်နေ့က အစ္စရေး၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း အဆာဟိရှင်ဘွန်း သတင်းစာက ပြောကြားသည်။

ကနဦးက တိုက်ခိုက်မှုအတွင်း ၎င်းသတင်းထောက်အပါအဝင် ဇနီးနှင့် ကလေးပါသေဆုံးသည်ဟု သတင်းရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါ သတင်းထောက် တစ်ဦးတည်းသာ သေဆုံးပြီးဇနီးနှင့် ကလေးမှာ ဆေးကုသမှုခံယူနေသည်ဟူသည့် သတင်းကို ၎င်းသတင်းစာက အတည်ပြုခဲ့သည်။ မိုဟာမက်မန်ဆောသည် ဂါဇာဒေသခံ သတင်းထောက်ဖြစ်ပြီး အဆာဟိရှင်ဘွန်း သတင်းစာ၌ ၂၀၂၃ ခုနှစ်တွင် စတင် တာဝန်ထမ်းဆောင်ခဲ့ကာ ဂါဇာဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများနှင့် ပတ်သက်သည့် သတင်းနှင့် သတင်းဓာတ်ပုံများအား ခန်းယူနွတ်နှင့် ရာဖာမှတစ်ဆင့် ပေးပို့ခဲ့သည်။ ၎င်းသေဆုံးမှုအတွက် ဝမ်းနည်းကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း အရပ်သားများနှင့် သတင်းထောက်များ သတ်ဖြတ်ခံရမှုများကို လက်မခံနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုသေဆုံးခဲ့သည့်သတင်းထောက်နှင့် နောက်ဆုံး အဆက်အသွယ်ရသည့် အချိန်က ဂါဇာဒေသတွင် ဆေးရုံများပင် တိုက်ခိုက်ခံနေရသည့်အတွက် စိတ်ချရသည့်နေရာမရှိဟု သေဆုံးသွားသည့် သတင်းထောက်က ပြောကြားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂါဇာဒေသမြောက်ပိုင်းတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ယမန်နေ့က မိမိတို့၏သတင်းထောက်တစ်ဦးလည်းသေဆုံးခဲ့သည်ဟု အယ်လ်ဂျာဇီးယား ရုပ်မြင်သံကြားဌာနက ပြောကြားသည်။ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား လက်နက်ကိုင်ပဋိပက္ခ စတင်ဖြစ်ပွားချိန် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ လက်ရှိအချိန်အထိ ၎င်းလက်နက်ကိုင်ပဋိပက္ခအတွင်း သေဆုံးသည့် သတင်းထောက်အရေအတွက် ၂၀၈ ဦး ရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် -စိုးသူရ**



## လာအိုနိုင်ငံတွင် လေထုညစ်ညမ်းမှုဆိုးရွားစွာဖြစ်ပွား

**ဗီယင်ကျန်း မတ် ၂၅**

လာအိုနိုင်ငံရှိမြို့များတွင် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပွားနေပြီး လေထုညစ်ညမ်းမှုကြောင့် အန္တရာယ်ရှိသည့် အမှုန်အမွှားများ လေထုထဲတွင်ပျံ့နှံ့မှုသည် ကျန်းမာရေးထိခိုက်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေကြောင်း သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနကိုကိုးကား၍ ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

နိုင်ငံမြောက်ပိုင်း ဖိုက်ဆေဖူရီပြည်နယ်တွင် လေထုအရည်အသွေး အညွှန်းကိန်းသည် အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေပြီး ဇီအန်ကောင်းပြည်နယ်၊ ဆီကွန်းပြည်နယ်နှင့် မြို့တော်ဗီယင်ကျန်းတို့တွင်လည်း လေထုအရည်အသွေးအညွှန်းကိန်းများသည် အလားတူအဆင့်သို့ ရောက်ရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းဒေသများအားလုံးတွင် လေထုအရည်အသွေးအညွှန်းကိန်း PM 2.5 အဆင့်သို့ ရောက်ရှိနေသည်။

၎င်းအဆင့်သို့ရောက်ရှိပါက မီးခိုးမြူငွေ့များဖြစ်လာနိုင်ပြီး အဆုတ်နှင့်သွေးကြောအတွင်းသို့ မီးခိုးမြူငွေ့မှလွင့်ပါးလာသည့် အမှုန်အမွှားများ ဝင်ရောက်ကာအသက်ရှူလမ်းကြောင်းဆိုင်ရာနှင့် နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်နိုင်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဖုန်းများအား အချိန်ကြာမြင့်စွာသုံးစွဲခြင်းကြောင့် သုံးစွဲသူများတွင် အိပ်စက်ချိန် မလုံလောက်သည့် အကျိုးသက်ရောက်မှုများရှိလာ



**ပေကျင်း မတ် ၂၅**

ယနေ့ခေတ်တွင် ဖုန်းများအား အချိန်ကြာမြင့်စွာသုံးစွဲခြင်းကြောင့် သုံးစွဲသူများတွင် အိပ်စက်ချိန်မလုံလောက်သည့်အကျိုးသက်ရောက်ခြင်းများ ရှိလာကြောင်း တရုတ်ပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံမှ အရွယ်ရောက်သူ ၄၈ ဒသမ ၅ ရာခိုင်နှုန်းသည် ဖုန်းသုံးစွဲမှုကြောင့် အိပ်စက်ချိန်နည်းပါးသည့် ပြဿနာကို ရင်ဆိုင်နေရကြောင်း မကြာမီကပြုလုပ်သည့်စစ်တမ်းအရ သိရသည်။

တရုတ်နိုင်ငံသားများအား ညအိပ်ရာမဝင်မီအချိန်တွင် ဖုန်းသုံးစွဲခြင်းနှင့် ဆိုရှယ်မီဒီယာများတွင် အချိန်ဖြုန်းခြင်းမှ ရှောင်ရှားကြရန် မတ် ၂၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အိပ်စက်ခြင်းနေ့တွင် ပညာရှင်များက သတိပေးပြောကြားခဲ့သည်။ တစ်နေ့လျှင် သုံးနာရီကျော်မျှ ဆိုရှယ်မီဒီယာများ သုံးစွဲခြင်းသည် အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေကြောင်း တရုတ်နိုင်ငံ အိပ်စက်ခြင်းဆိုင်ရာ သုတေသနအဖွဲ့နှင့် တရုတ်နိုင်ငံ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာတို့က ပူးတွဲဆောင်ရွက်သည့် လေ့လာမှုအရ သိရသည်။

ဆယ်ကျော်သက်များတွင် ဖုန်းအလွန်အကျွံသုံးစွဲမှုကြောင့် မှတ်ဉာဏ်များ ကျဆင်းလာကြောင်း ပညာရှင်တစ်ဦးက ပြောကြားသည်။ ဖုန်းမျက်နှာပြင်မှ ထုတ်လွှတ်သည့် အလင်းတန်းကြောင့် နှစ်ချိုက်စွာအိပ်ပျော်ခြင်းကို ဖြစ်စေသည့် မယ်လတိုနင်ဟုခေါ်သည့် ဟော်မုန်းကို ကျဆင်းစေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## နျူကလီးယားအရေး ဖိအားပေးဆွေးနွေးမည့်ကိစ္စ လက်မခံဟု အီရန်ပြောကြား

**တီဟီရန် မတ် ၂၅**

အီရန်သည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်အသက်ဝင်လာစေရေး အမေရိကန်နှင့် ဆွေးနွေးမည့်အရေးတွင် အမေရိကန်မှ ဖိအားပေးဆွေးနွေးမည့်ပုံစံကို မလိုလားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဗတ်အေရာချီက ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ဆန့်ကျင်ကြောင်းနှင့် မိမိနိုင်ငံအား စီးပွားရေးအရ ကန့်သတ်ချက်များချမှတ်ထားချိန်တွင် ဆွေးနွေးမှုမပြုလုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အရေးယူပိတ်ဆို့မှုများချမှတ်ထားချိန်တွင် ဆောင်ရွက်သည့် ဆွေးနွေးပွဲသည် အပြုသဘောဆောင်သည့်အခြေအနေသို့ ဦးတည်မည်မဟုတ်ဟု ၎င်းကပြောကြားသည်။

အမေရိကန်သမ္မတရမ့်၏ ပထမသက်တမ်းအတွင်း နျူကလီးယား သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ပြီးနောက် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်နေစဉ် အီရန်နိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးကို ငြိမ်းချမ်းစွာ ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နျူကလီးယားအရေးနှင့်ပတ်သက်၍ ဆွေးနွေးလိုကြောင်း အမေရိကန်သမ္မတထရမ့်က အီရန်တာဝန်ရှိသူများထံ မကြာမီအချိန်က စာပေးပို့ခဲ့သော်လည်း ၎င်းစာရေးသားပေးပို့မှုသည် ခြိမ်းခြောက်ခြင်းသာဖြစ်သဖြင့် အီရန်က တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း ၎င်းကပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## လစ်သူရေးနီးယားနိုင်ငံမှ ကျောင်းသားများအား ဉာဏ်ရည်တုနည်းပညာစည်းမျဉ်းချိုးဖောက်ခြင်းကြောင့် ပညာသင်ကြားခွင့်ရပ်ဆိုင်း

**ဗင်းနီးယက်စ် မတ် ၂၅**

လစ်သူရေးနီးယားနိုင်ငံ ဗင်းနီးယက်စ် တက္ကသိုလ်မှ ကျောင်းသားများသည် ယမန်နှစ်အတွင်း ပညာသင်ကြားရာ၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခဲ့သောကြောင့် ၎င်းတို့အား ပညာသင်ကြားခွင့် ရပ်ဆိုင်းခဲ့ကြောင်း လစ်သူရေးနီးယား အမျိုးသားရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ကျောင်းသားများသည် ဉာဏ်ရည်တုနည်းပညာကို သုံးစွဲရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျောင်းသားများအား ယမန်နှစ်အတွင်းက စာတမ်းများတင်သွင်းစေခဲ့ရာတွင်ကျောင်းသားအချို့သည် ဉာဏ်ရည်တုနည်းပညာအကူအညီဖြင့် ကြိုးစားအားထုတ်မှုမရှိဘဲ အချက်အလက်များကို ကူးယူတင်သွင်းခဲ့သည်ဟု သိရသည်။ နိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် အလားတူကိစ္စရပ်များဖြစ်ပွားခဲ့သည်ဟု သိရသည်။

ကျောင်းသားများအား ဆန်းစစ်ခဲ့ရာတွင် စာတမ်းများကို တင်သွင်းနိုင်သည့် အရည်အချင်း ပြည့်မီခြင်းမရှိကြောင်း တွေ့ရှိခဲ့ရသည်ဟု ၎င်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဂျာကူနဒ်က ပြောကြားသည်။ ကျောင်းသားများသည် မိမိတို့၏အရည်အချင်းဖြင့် ရေးသားဖြေဆိုရမည့် သင်ခန်းစာများကို ဉာဏ်ရည်တုနည်းပညာဖြင့် ဖြေဆိုခဲ့သည်ဟု သိရသည်။



ယခုကဲ့သို့ဉာဏ်ရည်တုနည်းပညာကို အသုံးချ၍ မသင့်တော်သည့်နည်းလမ်းဖြင့် ဖြေဆိုခဲ့သည့် ကျောင်းသားများ၏ အနာဂတ် ပညာသင်ကြားရေးအတွက် စိုးရိမ်ပူပန်ကြောင်းနှင့် ဉာဏ်ရည်တုနည်းပညာကိုသာ အစဉ်အမြဲ အသုံးချနေပါက ကျောင်းသားများ၏ အရည်အချင်းများ ကျဆင်းသွားမည်ဟု ကျောင်းသားများ ယူနီယံတာဝန်ရှိသူက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ငဖဲမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ဆည်မြို့ မြို့အဝင်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၀၈၈၆၅၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ထုံးဘိုလမ်းခွဲအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၅၄၁၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၀၂၂၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)ကို လည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၇၈၃၀၀)နှင့် အဆိုပါပစ္စည်းများ




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၁၁၀၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ ယာဉ်အစီး ၃၀ ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၁ မျိုး၊ လူသုံးကုန်ပစ္စည်း အမျိုး ၂၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၆၉၇၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck ၁၀ စီး၊ Nissan Diesel Truck ခြောက်စီး၊ Hino Ranger Truck သုံးစီး၊ Hino Truck နှစ်စီး၊ Dong Feng Truck နှစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Si Thu Truck တစ်စီး၊ Nidi Truck တစ်စီး၊ Golden Truck တစ်စီး၊ Shwe Chan Truck တစ်စီး၊ Win Myanmar Truck တစ်စီးနှင့် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၈၆၉၇၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၁ ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၇၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၁၇၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၀၄၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉၁၁၃၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်း များအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၅၇၅၁၁၃၆ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တွံတေးမြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တို့၌ တရားမဝင် အခြားသစ် ၄၉ ဒသမ ၂၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၃၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်မြို့ မြို့ရှောင်လမ်းအနီး၌ လိုင်စင်မဲ့ Kenbo 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်းတွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၉၁၇၆၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Mon Hla ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန် ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၄၈၂၇၈၁၄၃) ကျပ်ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၅၃၂၆၉၉၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉၀ (ခန့်မှန်းတန်ဖိုးငွေ ၃၉၆၀၅၆၇၄၄၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်း လာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရဲ့သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | လွမ်းနေဦးမယ်ကရိန်နော် |
| ၀၉:၁၀ | နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်း တက်ညီလက်ညီဆောင်ရွက်စို့ (အပိုင်း-၁) |
| ၁၀:၃၀ | နှစ်(၈၀)ပြည့်တပ်မတော်နေ့ ဝှက်ပြတေး |
| ၁၁:၁၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၁:၃၅ | ရှုပွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂) |
| ၁၃:၁၅ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၂၉) |
| ၁၄:၅၀ | နှစ်(၈၀)ပြည့်တပ်မတော်နေ့ဝှက်ပြအစီအစဉ် 'ပင်လယ်ပြာမှ အဏ္ဏဝါစစ်သဘင်များ' |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၄၅ | မျိုးဝှက်တင့်စေ ဆိုကရေးတီးအမွေ |
| ၁၇:၀၅ | ရွှေသို့ချီမည်ပန်းတိုင်ဆီ |
| ၁၇:၂၀ | NEXT LEVEL |
| ၁၇:၃၀ | နှစ်(၈၀)ပြည့်တပ်မတော်နေ့ဝှက်ပြ အစီအစဉ် 'သမိုင်းကြောင်းအထောက်အထား တပ်မတော်ပြတိုက်' |
| ၁၈:၄၀ | နှစ်(၈၀)ပြည့်တပ်မတော်နေ့ဝှက်ပြတေး |
| ၁၉:၁၀ | နှစ်(၈၀)ပြည့်တပ်မတော်နေ့ဝှက်ပြ ဇာတ်လမ်း 'သစ္စာမျိုးဆက်' (အပိုင်း-၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | နှစ်(၈၀)ပြည့်တပ်မတော်နေ့ဝှက်ပြတေး |
| ၂၂:၀၀ | ပွဲညရဲ့ဇာတ်ခုံ(အပိုင်း-၉) 'ဖိန်းမလှကျွန်း သမိုင်းအစနှင့် ကျွန်းညှိုသခင် တောင်းတော်ရှင်' |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: An Da Yel Kin (Htar) |
| 07:10 | Tray Art Products |
| 07:22 | Nga Laik Dam & Nga Laik Kan Tha Eco Resort |
| 07:34 | Hand In Hand To Prevent and Fight Drug Abuse |
| 08:26 | Let The Golden Crow Sing (Tatmadaw Day Songs) |
| 08:34 | ASEAN Information Exchange Initiative: Food Security |
| 08:39 | The Wave That Changed The World (Part -3) |
| 09:18 | Myanmar's Entrepreneurs: Soe Moe Aung |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၀ | တိုင်းရင်းသားသီချင်း၊ အက(ချင်း) |
| ၀၆:၄၀ | မြန်မာသံစဉ်တေးများ |
| ၀၇:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၃၀) |
| ၀၇:၅၅ | စတီရီယိုတေးများ |
| ၀၈:၁၅ | ဇာတ်တော်ကြီး 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ပထမပိုင်း) |
| ၀၉:၃၅ | နိုင်ငံခြားသံစဉ်တေးများ |
| ၁၀:၁၀ | ကာတွန်း 'တိရစ္ဆာန်မြို့တော်ဓါတ်ဇာတ်လမ်း' (အပိုင်း-၁) |
| ၁၀:၄၀ | ဇာတ်တော်ကြီး 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ဒုတိယပိုင်း) |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
လှမ်းခဲ့ပါလေကာယန်းပန်ပက်ဒေသဆီ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရသေ့ပျံဂူ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်တေးရေးတေးဆိုအနုပညာရှင်-ကျော်ဆူးနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း(လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း-၈)

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခေါက်အလည်ရောက်စေချင်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသထွက်အစားအစာရောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်နံ့ရိုးချဉ်စပ်ဟင်းရည်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၈:၁၅ | Sports Max |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၀:၄၅ | Festivals Around The World |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေ မကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ' (အပိုင်း-၁) |
| ၁ း၃၀ | ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၆) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | အနာဂတ်၏ဖွံ့ဖြိုးမြန်မာစိုက်မွေးပညာ သင်ယူပါလူငယ့်ဘဝတစ်သက်တာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Livestock on the Land |
| ၁၉:၁၅ | Cork Rooftop Farm |
| ၂၀:၀၀ | ငှါရင်ခွဲထဲကလိပ်ပြာ(ဇာတ်လမ်း) |
| ၂၂:၀၀ | Depature (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၅၀ | Sports Diary |
| ၀၇:၄၀ | Weekly MNL Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) (Replay) (Naypyitaw Vs Mandalay) |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မတ် ၂၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၇၆ ဦး၊ မလေးရှားနိုင်ငံသား ၂၄ ဦး၊ နီပေါနိုင်ငံသား လေးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးတို့ကို မြန်မာ – ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ ပြည်နှင် လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးမှ Counsellor Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Charge' d' Affaires a.i Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးဌာန ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Jeffery Salik နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ Third Secretary Mr. Aakash Adhikari နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာအထောက်အထား စာရွက်စာတမ်း များကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်း နိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၄၀၆ ဦးကို ထိုင်းနိုင်ငံမှ



တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့် ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ် စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက် ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ တွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှု နှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိ ရောက်ရောက်ပြတ်ပြတ်သားသား တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၅**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့ အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင် ခဲ့သည့် "Sainna Wkhan 7" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီး တံခွန်မြို့နယ် တံခွန်တိုင် ရပ်ကွက်နေ ဇေယျာထွန်းအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြည်ကြီးတံခွန် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# မအူပင်မြို့နယ်၌ လူငယ်များကို စစ်မှုထမ်းဆောင်ရန် အဓမ္မဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၅**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြည်သူ့ စစ်မှု ထမ်းဆောင်ရန်အတွက် လူငယ်များကို အဓမ္မဖမ်းဆီးနေ




ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မအူပင်မြို့နယ် အုပ်ချုပ်ရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အများပြည်သူတည်ငြိမ် အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက်လုံခြုံရေးအရစစ်ဆေးခြင်းများအပါအဝင် အကြမ်းဖက် လုပ်ငန်းများ မဖြစ်ပွားစေရေး အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါ အဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ မတ် ၁၇ ရက်မှ ၂၅ ရက် အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီး ဌာနများမှ ပေးပို့လာသောစာရင်း များအရ တရားမဝင် ကျွန်း ၆ ဒသမ ၉၀၁၂ တန်၊ သစ်မာ ၇ ဒသမ ၄၃၉၄ တန်၊ အခြား ၁၀၈ ဒသမ ၇၉၂၀ တန် စုစုပေါင်း ၁၂၃ ဒသမ ၁၃၂၆ တန်၊ ယာဉ်/ယန္တရား ၁၇ စီး၊ တရားခံ ၂၄ ဦး ဖမ်းဆီးရမိခဲ့ ကြောင်း မြန်မာနိုင်ငံသစ်တော ဦးစီးဌာနမှ သိရသည်။



သတင်းစဉ်

# ပခုက္ကူမြို့နယ်၌ မီးဘေးအန္တရာယ်လုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ မတ် ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) မြို့မစည်ပင်သာယာ ဈေးကြီးနှင့် ဈေးသူဈေးသားများ မီးဘေးအန္တရာယ် ကင်းဝေးစေရေး နှင့် လုံခြုံစိတ်ချမှုရှိစေရေးရည်ရွယ် ၍ ယမန်နေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာန မှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင် များနှင့် ဈေးရုံကိုယ်စားလှယ်များ ပူးပေါင်း၍ မြို့မစည်ပင်သာယာ ဈေးကြီး အတွင်း/အပြင် မီးဘေး အန္တရာယ် လုံခြုံစိတ်ချနိုင်ရေး အတွက် မီးဘေးကြိုတင်ကာကွယ် ရေးသုံးပစ္စည်းများနှင့် လျှပ်စစ်မီး များ စနစ်တပ်ဆင်ထားရှိမှု အခြေ အနေများ၊ မီးဘေးအန္တရာယ်နှင့် အရေးပေါ် ကြုံတွေ့လာပါက ရေတွင်း၊ ရေကန်များ၊ မြေတွင်း အုတ်ရေလှောင်ကန်များမှ ရေ အဆင်သင့်ရယူ သုံးစွဲနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှု အခြေအနေ များ၊ မီးဘေးအန္တရာယ်သတိပေး ပိုစတာဆိုင်းဘုတ်များနှင့် အရေး ပေါ်ဆက်သွယ်အကြောင်းကြားနိုင် မည့်ဖုန်းနံပါတ်များ ကြေညာကပ် ထားမှုအခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

ဘာမီသာ(ပခုက္ကူ)



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ တောင်သူဦးမောင်သင်၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးထုတ်လုပ်မှုနှင့် မွေးမြူရေးခြံသို့ သွားရောက်၍ ခြံအတွင်း နို့စားနွား၊ ဒေသနွား၊ ဆိတ်၊ ငါး၊ ဒေသကြက်နှင့် ဘဲများမွေးမြူထားရှိမှု၊ နေ့စပါး စိုက်ပျိုးထားရှိမှုများနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော် တပ်ကုန်းမြို့နယ် ဗဟိုသင်္ကြန်မဏ္ဍပ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမရှိ အစိုးရဓမ္မာစရိယစာမေးပွဲ စာဖြေဌာနသို့ သွားရောက်၍ အစိုးရဓမ္မာစရိယ စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် အနော်ရထာ အုပ်စု ကွင်းအမှတ်(၁၄၁၄)အတွင်းရှိ ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် လယ်မြေများတွင် ပြန်လည်စိုက်ပျိုးထားသည့် မြေပဲခင်းများနှင့် အောင်မြေရိပ်သာ ကျေးရွာအနီး ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့သိုင်းအားကစားအဖွဲ့၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် ရိုးရာခြင်းလုံးအားကစားအဖွဲ့တို့က အားကစားနည်းများအလိုက် သရုပ်ပြကစားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် မြို့နယ် ရှစ်မြို့နယ်အတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ သရုပ်ပြအဖွဲ့များနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အားကစားနည်း ၁၈ နည်း ပါဝင်သော ၂၀၂၅ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများကို သင်တန်းသား သင်တန်းသူ ၂၈၁၀ ဖြင့် မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ် ဝွေးဇီးကျေးရွာ၌ ရေစင်၊ ဆိုလာ၊ စက်ရေတွင်း ဖွင့်ပွဲကျင်းပ

ပျော်ဘွယ် မတ် ၂၅

ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ရေစင်၊ အလှူရှင်က လှူဒါန်းခဲ့သည့် စက်ရေတွင်းအသုံးပြုရန် ဆိုလာမီးပေးစနစ်နှင့် စက်ရေတွင်းဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက ဝွေးဇီးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မင်္ဂလာအချိန်တွင် ရေစင်၊ ဆိုလာနှင့် စက်ရေတွင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုး၊ အဖွဲ့ဝင် ဦးခင်မောင်ညွန့်၊




မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုး၊ အလှူရှင် ဦးဇော်ပိုက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုးက တည်ဆောက်ပြီးစီးခဲ့သည့် ရေစင်၊ ဆိုလာ၊ စက်ရေတွင်းတို့အား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားနိုင်ရေး၊ သဘာဝအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ရပ်မိ ရပ်ဖ ဦးချစ်ကိုက ရေစင်၊ ဆိုလာ၊ စက်ရေတွင်း တည်ဆောက်ခဲ့မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုးက စက်ရေတွင်းအသုံးပြုရန်အတွက် ဆိုလာမီးပေးစနစ်နှင့် စက်ရေတွင်း အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ရေစင်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၅ ဒသမ ၁၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရေတွင်းအသုံးပြုရန် ဆိုလာမီးပေးစနစ်နှင့် လေးလက်မအကျယ်၊ အနက် ပေ ၇၆၀ ရှိ စက်ရေတွင်းကို အလှူရှင် လှူဒါန်းငွေကျပ် ၂၅၃ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၉၀ | ၃၀၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၀၀ | ၃၁၂၅ | ၃၁၄၅ | ၃၀၆၀ | ၄၅၀၅ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| 95 Ron | ၃၀၄၅ | ၃၀၅၅ | ၃၁၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၈၀ | ၃၁၉၅ | ၃၁၁၅ | ၄၅၆၀ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ |
| HSD (500 ppm) | ၂၆၀၀ | ၂၇၁၅ | ၂၆၈၀ | ၂၆၁၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၅၀ | ၂၆၇၀ | - | ၂၉၆၅ | ၂၆၉၀ | ၂၆၉၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၄၅ | ၃၀၀၅ |
| HSD (50 ppm) | ၃၂၁၅ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၈၅ | ၄၈၃၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (10 ppm) | ၃၂၁၅ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၈၅ | - | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၀ | ၂၉၁၁ |
| 95 Ron | ၂၀၇၂ | ၂၉၆၃ |
| HSD (500 ppm) | ၂၄၄၂ | ၂၅၂၀ |
| HSD (50 ppm) | ၃၀၄၀ | ၃၁၃၁ |
| HSD (10 ppm) | ၃၀၄၀ | ၃၁၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ကျုံပျော်မြို့နယ်၌ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

ကျုံပျော် မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားရှိသည့် ဆီထွက်သီးနှံ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲကို ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် မြေရဲတောင်ကွင်း တောင်သူဦးတင်ရှိန်၏ လယ်မြေ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ရိတ်သိမ်းပွဲသို့ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျုံပျော်ခရိုင် ကိုယ်စားပြုရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်နှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး Supersun-41 စံကွက်သုံးဧကအား စုပေါင်းရိတ်သိမ်းခဲ့ကြရာ တစ်ဧက အစိုအထွက်နှုန်း ၄၈ တင်းနှင့် အခြောက်အထွက်နှုန်း ၄၇ ဒသမ ၀၄ တင်း ရရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါင်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးထားရှိ

ပေါင် မတ် ၂၅

မွန်ပြည်နယ်သမဝါယမဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်ရေး ကဏ္ဍအတွင်း နွေစပါးများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပေါင်မြို့နယ်အတွင်း သမဝါယမအသင်းများရှိ အသင်းသားတောင်သူများ၏ လယ်ယာမြေစိုက်ပျိုးဧက ၆၇၅ ဧကပေါ်တွင် ရတနာတိုး၊ ECO၊ ဟော်တယ်၊ တောင်ပျံစသည့် စပါးများ စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့် ညီမျှသောသွင်းအားစုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်းဖွင့်

ရန်ကင်း မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ဆရာအတတ်ပညာဦးစီးဌာန ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း(Dip. EP) အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြတ်ပညာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးနှင့် ဆရာ ဆရာမများ၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဆရာအတတ်ပညာအရည်အသွေး ပိုမိုပြည့်ဝသည့် ဆရာ ဆရာမကောင်းများဖြစ်လာစေရန် ကျောင်းနေအရွယ်ကလေးတိုင်း ဘက်စုံပညာပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်အတွက် အဓိကဖော်ဆောင်ပေးရမည့် ဆရာ ဆရာမများ မွေးထုတ်ပေးရန် အခြေခံပညာကျောင်းများတွင် စိတ်ဓာတ် စည်းကမ်းကောင်းမွန်ပြီး သင်ကြားရေးစွမ်းရည်မြင့်မားသော ဆရာ ဆရာမများ ဖြစ်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးရန်အတွက် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်က သင်တန်းတက်ရောက်သည့် ဆရာ ဆရာမများနှင့် သင်တန်းနည်းပြများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ ရန်ကင်းပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းနှင့် အထက(၁)ကျောင်းတို့တွင် ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်နှင့် မရမ်းကုန်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဆရာ ဆရာမ ၁၀၈၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ဆရာ ဆရာမ ၅၀၀ စုစုပေါင်း ဆရာ ဆရာမ ၁၅၈၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ လှလှထွေး(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲတက်ရောက်

မြစ်ကြီးနား မတ် ၂၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲနှင့် ပညာရေးဒီဂရီကောလိပ် (မြစ်ကြီးနား)မှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း (DIP.EP) သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက မိုးလုံလေလုံ အားကစားခန်းမနှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် ကျင်းပသည်။

ဦးစွာ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသူများက တေးသီချင်း သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး ဦးသန်းအောင်က အခြေခံသင်တန်း ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်များနှင့် ကလေးသူငယ်များနှင့် မိဘများအတွက် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များနှင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည့် အကအဖွဲ့များအတွက် ချီးမြှင့်ငွေကျပ် ၁၂ သိန်း၊ ပြည်နယ်မိခင်နှင့်ကလေး ကြီးကြပ်မှုစောင့်ရှောက်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက သင်တန်းသား သင်တန်းသူများအတွက် ကလေးဖတ်ပုံပြင်စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်း သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းသူများပြုလုပ်ထားသော သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် ပညာရေးဒီဂရီကောလိပ်(မြစ်ကြီးနား)၌ ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်မှ မူလတန်းအဆင့်သင် ဆရာ ဆရာမ ၉၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (DIP.EP) သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဘဝတစ်သက်တာသင်ယူမှုနှင့် ဘဝတစ်ခွင်သင်ယူမှုအတွက် အထောက်အကူပြုသည့် သင်တန်းဖြစ်သည့်အတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ ၂၁ ရာစု၏ လိုအပ်ချက်များဖြစ်သည့် လေးနက်စွာ ဆန်းစစ်ဝေဖန်တတ်ခြင်း၊ အပြန်အလှန်ဆက်သွယ်ပြောဆိုတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်အောင်သင်ယူခြင်းနှင့် တီထွင်ဖန်တီးတတ်ခြင်းဆိုသည့် အလေ့အကျင့်များရှိလာအောင် ဆောင်ရွက်ပေးနိုင်အောင် အသိပညာများကို သင်ယူနိုင်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)

# ဟသ်ာတမြို့နယ်၌ ဆရာ ဆရာမများအား ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ပို့ချ

ဟသ်ာတ မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း အမျိုးသားခန်းမ၌ ယနေ့နံနက်ပိုင်းက အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဆရာ ဆရာမများအား ဘာသာရပ် စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဟသ်ာတခရိုင်ပညာရေးမှူး ဦးတိုးဝင်း၊ ဟသ်ာတမြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်၊ ပညာရေးဌာနတာဝန်ရှိသူများ၊ နည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဟသ်ာတခရိုင်ပညာရေးမှူး ဦးတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတမြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်က ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ပို့ချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းအား အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် နည်းပြဆရာ ဆရာမ ၄၅ ဦး၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၆၃၆ ဦး၊ အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းအား အမှတ်(၁)အခြေခံပညာ



အထက်တန်းကျောင်းတွင် နည်းပြဆရာ ဆရာမ ၅၁ ဦး၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၃၅ ဦး၊ မူလတန်းအဆင့်ကို နည်းပြ ၁၃၀၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၆၅၀ တို့ဖြင့် အထက(၂)၊ အထက (၃)၊ အထက (၄) တို့၌ မတ် ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အသိပေးနှိုးဆော်ချက်

၂.၄.၂၀၂၅ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာကျောင်း ဦးစီးပဓာနနာယက သာသနဒ္ဓဇ ဓမ္မာစရိယ ဘဒ္ဒန္တပညာဇောတ ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ ရှင်အပါး ၅၅၀၀ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားတွင် ရွှေတိဂုံစေတီတော်သို့ ရှင်လောင်းလှည့်လည်စဉ် အနောက်ရွှေဂုံတိုင်လမ်းအား ရွှေဂုံလမ်း(လင့်လမ်း)နှင့်ဆုံရာမှ ဦးဝိစာရလမ်းနှင့် ဆုံရာအထိလည်းကောင်း၊ အာဇာနည်လမ်းအား ရွှေတိဂုံတောင်ဘက်မုခ်မှ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဆုံရာအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဓမ္မစေတီလမ်းနှင့်ဆုံရာမှ ဦးဝိစာရအဝိုင်းအထိလည်းကောင်း၊ ၆.၄.၂၀၂၅ ရက်နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်စဉ် ပြည်လမ်း၊ ပြည်သူ့ရင်ပြင်ရှေ့အား ပြည်-အလုံလမ်းဆုံမှ မြေနီကုန်းတံတားအတက်အထိလည်းကောင်း ဝ၅:ဝဝ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်မောင်းသူ ပြည်သူများအနေဖြင့် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် မတ် ၂၅

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်တွင်ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သွေးအလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သွေးအလှူရှင်ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြင်းများ ဆောင်ရွက်ပေးပြီး သွေးအလှူရှင်များက သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

**ချီးမြှင့်ပေးအပ်**

ယနေ့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သွေးအလှူရှင်ဝန်ထမ်း ၄၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြခြင်းဖြစ်ပြီး သွေးအလှူရှင်ဝန်ထမ်းများအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် သွေးအလှူရှင်များအတွက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေတောင်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

ရွှေတောင် မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရွှေတောင်မြို့ အမှတ်(၆)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)၌ ဆေးရုံတက်ရောက်ကုသနေသူများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အမှတ်(၆)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားခဲ့ပြီး ဆေးရုံတက်ရောက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကယားပြည်နယ် လူမှုရေးရာဝန်ကြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှု

လွိုင်ကော် မတ် ၂၅

ကယားပြည်နယ် လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက် ထုတ်ယူကြသော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး ဆောင်ရွက်ပေးမှုကို ယမန်နေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှစီစဉ်၍ ပြည်နယ် ခုတင် (၅၀၀) ဆံ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ လိုက်ပါကာ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား မှတ်တမ်းစာရင်းရေးသွင်း၍ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ မျက်စိစမ်းသပ်ပေးခြင်း၊ Electrocardio-gram (ECG) ဖြင့် Body Checked (ခန္ဓာကိုယ် စစ်ဆေးပေးခြင်း)၊ သွေးတွင်းအောက်ဆီဂျင် တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အထွေထွေရောဂါကု လူနာ ၅၈ ဦး၊ မျက်စိဝေဒနာရှင် ၃၈ ဦးနှင့် အရိုးအကြော လူနာ ၁၄ ဦး စုစုပေါင်း ၁၁၀ အား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းသို့ ကယားပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက လာရောက်ကြည့်ရှုရာ ပြည်နယ်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး လူမှုရေးရာဝန်ကြီးက လာရောက်ပြသသော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

# တီဘီရောဂါ အခမဲ့စမ်းသပ်စစ်ဆေး ကုသဆောင်ရွက်

ဇီးကုန်း မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့ပူးပေါင်း၍ TB Mobile Clinic ကို ယမန်နေ့နံနက်ပိုင်းက ညောင်ဇင်ကျေးရွာ၌ (အခမဲ့)စမ်းသပ်စစ်ဆေးကုသဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်ပေးမှုအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါသံသယရှိသူနှင့် အတူနေ ၁၅၀ အား (အခမဲ့) စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖွင့်ပွဲ အခမ်းအနား တက်ရောက်

မော်လမြိုင် မတ် ၂၅

မွန်ပြည်နယ်၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်ပရိသတ်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အဘယသုတာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသာသနအရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအတွက် အလှူငွေကျပ် ၃၆၆၃၀၀၀ အား ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မွန်ပြည်နယ် ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖွင့်ပွဲပထမနေ့ကို မော်လမြိုင် စာစစ်ဌာန ဓမ္မာစရိယတန်းတွင် ၃၄၉ ပါး စာရင်းသွင်းပြီး ၂၇၉ ပါး ဝင်ရောက်ဖြေဆိုကာ ဧပြီ ၄ ရက်အထိ ကျင်းပဖြေဆိုမည်ဖြစ်သည်။ ပါဠိပထမပြန်စာမေးပွဲတွင် ၂၆၄၉ ပါး စာရင်းသွင်းပြီး မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကော့သောင်းမြို့နယ်ရှိ နေရောင်ခြည်စွမ်းအင်သုံး ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲသို့ တက်ရောက်

ကော့သောင်း မတ် ၂၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပါဆယ်ပါညန်းကျေးရွာရှိ Southern Coastline Group Co.,Ltd ၏ နေရောင်ခြည်စွမ်းအင်သုံး ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။



ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းမှုခ်ဦးအား ဖဲကြိုးဖြတ်၍ အခမ်းအနားဖွင့်လှစ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စီမံကိန်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ကမ္ပည်းစာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ ကော့သောင်းမြို့နယ်၏ အများဆုံးလျှပ်စစ် ဓာတ်အားသုံးစွဲမှုဝန်အားအနေဖြင့် လေးမဂ္ဂါဝပ် ခန့်သာရှိသည့်အတွက် ယခုထပ်မံပေါ်ထွက်လာသည့် ဆိုလာဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားနှင့် ပေါင်းစပ်မည်ဆိုပါက လုံလောက်မှုရှိသည့်အပြင် သင့်တင့်သည့် ဓာတ်အားနှုန်းထား ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ကော့သောင်းမြို့နယ်တွင် ၁၀ မဂ္ဂါဝပ်ဆိုလာဓာတ်အားပေးစက်ရုံကြီး ယခုကဲ့သို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်သည့်အတွက် ဝမ်းသာပီတိဖြစ်ပါကြောင်းနှင့်တည်ဆောက်ပြီးစီးသည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံကြီးများနှင့် စက်ရုံကြီးများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းသွားကြရန် ပြောကြားသည်။

ထို့နောက် ၁၀ မိုင်ကျေးရွာအုပ်စု ပါဆယ်ပါညန်းကျေးရွာရှိ မြေဧရိယာ ၃၇ ဒသမ ၂၃ ဧကပေါ်တွင် ဆောင်ရွက်ထားရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှု ကြည့်ရှုအားပေး

စစ်တွေ မတ် ၂၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူများအား စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားအုန်းဆီများ ဝယ်ယူရန်ရောက်ရှိလာကြသော ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး စားအုန်းဆီများရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားအုန်းဆီများအား ချိန်တွယ်နေမှုနှင့် သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျေးပင်ကြီးရပ်ကွက်အတွင်းဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကုန်ပစ္စည်းများရောက်ရှိမှု အခြေအနေနှင့် ရောင်းချနေမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# လေးမျက်နှာမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး စစ်ဆေးဆောင်ရွက်

လေးမျက်နှာ မတ် ၂၅

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးရဲနောင်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ကာရာအိုကေနှင့် စားသောက်ဆိုင်လုပ်ငန်းများအား မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက်ပိုင်းက ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဝေဦးနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် အချက်များနှင့် ရှောင်ကျဉ်ရမည့် အချက်များကို အသိပညာပေး မှာကြားခြင်းတို့ဆောင်ရွက်သည်။



ထို့ပြင် အဆောက်အအုံအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များအား လိုက်နာဆောင်ရွက်ရန် အသိပညာပေး အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

ရေဦးသာ



အများပြည်သူ အသုံးပြုအပန်းဖြေရာဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၂၅ ရက် နံနက် ၁၀ နာရီကပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး မတ် ၂၅**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



**ပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစား တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရန်၊ ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးအားကစားသမားများပေါ်ထွက်လာစေရန်၊တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိကာ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဆင့်ထိ တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။ ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ချမ်းမြသာစည်မြို့နယ်အသင်းနှင့် ညောင်ဦးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ ချမ်းမြသာစည်မြို့နယ်အသင်းက ညောင်ဦးမြို့နယ်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို အောင်မြေမန္တလာကွင်းနှင့် ဗထူးအားကစားကွင်းတို့တွင် သက်ဆိုင်ရာပွဲစဉ်များအလိုက် ဧပြီ ၁၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန်းရွှေစက်တော်ဘုရားပွဲတွင် တေးဂီတဖျော်ဖြေပွဲများအပြင် ကရင်ရိုးရာ ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်

**မင်းဘူး မတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတွင် ဘုရားဖူးလာပြည်သူများအား တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၂၄ ရက်က ဒုတိနေ့အဖြစ် ဆက်လက်ဖျော်ဖြေတင်ဆက်ခဲ့ပြီး ကရင်ရိုးရာဒုံးယိမ်းအကများဖြင့်လည်း ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

မတ် ၂၄ ရက်က မန်းရွှေစက်တော်ဘုရားကြီးအား ညအိပ်ဘုရားဖူးလာရောက်ကြသည့် ကရင်ပြည်နယ် ဘားအံမြို့ရှိ တောင်ကလေး ဆယ့်နှစ်လရာသီ ဒုံးယိမ်းအဖွဲ့မှ ကရင်ရိုးရာဒုံးယိမ်းအကများဖြင့် မြတ်ဗုဒ္ဓ၏ခြေတော်ရာ နှစ်ဆူအား ပူဇော်ကန်တော့၍ အောက်စက်တော်ရာရင်ပြင်နှင့် အထက်စက်တော်ရာ အတက်လမ်း မုခ်ဦးရှေ့၌ ဘုရားဖူးလာပြည်သူများအား ကရင်ရိုးရာဒုံးယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တေးဂီဖျော်ဖြေပွဲ ဒုတိယနေ့အဖြစ် မန်းရွှေစက်တော်ဘုရားသောင်ပြင် အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်၌ ည ၇ နာရီမှစတင်ပြီး အနုပညာရှင်များက မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးဂီတများဖြင့် မန်းရွှေစက်တော်ဘုရားပွဲကာလအတွင်း တပေါင်းပွဲတော်ညအဖြစ် အခမဲ့ ဖျော်ဖြေတင်ဆက်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် ဒေသခံများ လာရောက်ကြည့်ရှုအားပေးပြီး အထူးစည်ကားခဲ့သည်။



ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားလာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လိုက်မြို့၌ ကိုယ်လုံပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**မော်လိုက် မတ် ၂၅**

စစ်ကိုင်းတိုင်း ဒေသကြီး မော်လိုက်မြို့၌ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ဦးဆောင်မှုဖြင့် အမျိုးသမီးငယ်များအား မိမိကိုယ်ကို ကာကွယ်တတ်စေရန် ကိုယ်လုံပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်စုစုဝေက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ဟေမာန်ဆောင်းက သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် တာဝန်ရှိသူများက သင်တန်းအတွက် ထောက်ပံ့ပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၂၄ ရက်မှ ဧပြီ ၂၈ ရက်အထိ သင်တန်းသူ ၂၀ တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ နွေရာသီအားကစားသင်တန်းဖွင့်

**မိုးညို မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှု၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နွေရာသီအားကစားသင်တန်းဖွင့်ပွဲကို မတ် ၂၃ ရက် ညနေ ၄ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အမျိုးသမီးရေးရာအဖွဲ့က အားကစားဝတ်စုံနှင့် အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က အားကစားသင်ကြားပေးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းကို မတ် ၂၃ ရက်မှ ဧပြီ ၁ ရက်ထိ ဖွင့်လှစ်၍ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်နှင့် မြန်မာ့သိုင်းအားကစားနည်းများကို သင်တန်းသား ၁၂၀ အား သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**





# ပုဇွန်တောင်မြို့နယ်၌ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲအခမ်းအနားကို ပုဇွန်တောင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်က အခမ်းအနားမှူးတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားမှူးသင်တန်းတွင် သင်တန်းနည်းပြများအဖြစ် ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ ဦးစီးအရာရှိများဖြစ်သည့် ဒေါ်ချစ်စုဝေ၊ ဒေါ်ဟန်စုယဉ်နှင့် ဒေါ်ခင်ဝင်းကြည်တို့က စာတွေ့/လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသူ ၂၀ အား မတ် ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်တာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟန်စုယဉ်**

# လူငယ်နှင့် ဘဝတစ်သက်တာ သင်ယူလေ့လာခြင်း

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

**❋ စေ့ဆော်ခြင်း (Motivation) သည် လူငယ်တို့အား စူးစမ်းလေ့လာလိုစိတ်ကို တွန်းအားပေးသည်။ ထိုမှတစ်ဆင့် လူငယ်တို့၏ အသိဉာဏ်ကိုမြှင့်တင်ပေးရန် သင်ယူလေ့လာခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းအသိဉာဏ်သည် လူငယ်တို့၏ ကိုယ်ပိုင်ဘဝအရည်အသွေးနှင့် မိမိကိုယ်ကို တန်ဖိုးရှိစေသော အတွေးအမြင်ကိုရရှိ**

လူငယ်များအတွက် လေ့လာသင်ယူခြင်းသည် လွန်စွာအရေးကြီးသည်။ ကလေးဘဝမှစ၍ သင်ယူမှုဖြင့် ကြီးပြင်းခဲ့ရသည်။ ပညာသင်ကြားသော ကျောင်းသားအရွယ်တွင်လည်း သင်ယူလေ့လာခြင်းနှင့်ကင်း၍မရချေ။ သင်ယူလေ့လာခြင်းသည် မိမိတို့၏ ရည်မှန်းချက်အောင်မြင်ရန်အတွက် ရရှိနိုင်သော အရင်းအမြစ်များအကူအညီဖြင့် တစ်ခုခုကို စွမ်းရည်ရှိစွာ လုပ်ဆောင်နိုင်မှုကို အားပေးသည်။ သင်ယူလေ့လာခြင်းသည် လူငယ်တစ်ဦးချင်းစီအား သူတို့၏ အသက်မွေးဝမ်းကျောင်းတွင် ထူးချွန်စေရန် စွမ်းဆောင်ပေးရုံသာမက ကိုယ်ပိုင်အတွေ့အကြုံများကိုပါ ကြွယ်ဝစေသည်။ ဆန်းသစ်ဖန်တီးမှုကိုလည်း မြှင့်တင်ပေးသည်။

လူငယ်များအနေဖြင့် ဘဝတစ်သက်တာ သင်ယူလေ့လာခြင်းကို သိရှိရန်လိုအပ်သလို ပြုမူဆောင်ရွက်ရန်လည်း အရေးကြီးသည်။ ဤတွင် ဘဝတစ်သက်တာ လေ့လာသင်ယူခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ မသင်မနေရပညာရေးကို ကျော်လွန်၍ နောက်ထပ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်လေ့လာလုပ်ဆောင်ခြင်း၏ သဘောတရားဖြစ်သည်။ ကျောင်းသားလူငယ်ဘဝတွင် ပညာသင်ကြားလေ့လာပြီးနောက် လုပ်ငန်းခွင်ရောက်လျှင်လည်း မိမိဆန္ဒအလျောက်လည်းကောင်း၊ ကျွမ်းကျင်မှုအသစ်များရရှိရန်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာတို့ တတ်ရန်လည်းကောင်း ဆက်လက်လေ့လာသင်ယူနေကြရသည်။

သင်ယူလေ့လာခြင်းဆိုသည်မှာ မည်သည့်နေရာ၊ မည်သည့်အချိန် အသက်အရွယ်တွင်မဆို တရားဝင်ပညာရေး ပတ်ဝန်းကျင်တွင် အကန့်အသတ်မရှိချေ။ စင်စစ် ဘဝတစ်သက်တာသင်ယူလေ့လာခြင်းသည် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းများကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဘဝတစ်လျှောက်လုံး လုပ်ဆောင်ခဲ့သော သင်ယူလေ့လာမှုလှုပ်ရှားမှုအားလုံးကို လွှမ်းခြုံထားသည်။

"ထာဝရအသက်ရှင်နေသကဲ့သို့ သင်ယူပါ" ဟု မဟတ္တမဂန္ဒီက ပြောကြားခဲ့သည်။ ဘဝတစ်သက်တာ လေ့လာရေးသည် လူငယ်တို့၏ အသက်မွေးမှုနှင့် အလုံးစုံတိုးတက်မှုအတွက် ကောင်းမွန်စေသည်။ အသစ်အသစ်သော အရာတစ်ခုခုကို သင်ယူလေ့လာခြင်းသည် လူငယ်တို့၏ ဦးနှောက်ကို ဖွံ့ဖြိုးတိုးတက်စေသည်။ ကျန်းမာသောစိတ်ကို ဖန်တီးပေးပြီး အသစ်အဆန်းတစ်ခုကို သင်ယူလေ့လာခြင်းသည် စိတ်ဖိစီးမှုကို လျှော့ချပေးသည်။

လူငယ်များသည် မိမိတို့ဘဝခရီးလမ်းအတွက် သင်ယူစရာ၊ လေ့လာစရာများ ဆည်းပူးခြင်းသည် ကျွမ်းကျင်မှုများကို ရယူခြင်းဖြစ်သည်။ ဘဝက ပေးသော အတတ်ပညာကို လေ့လာသင်ယူခြင်းဖြစ်သည်။ ထိုသို့ မိမိတို့ကိုယ်တိုင် ရုန်းကန်ရင်ဆိုင်ခြင်းဖြင့် လူနှင့်ပတ်ဝန်းကျင်၏ ဆက်စပ်မှုသဘောသဘာဝကို ပိုမိုသိရှိနားလည်လာမည်ဖြစ်သည်။ ဩဇာအရှိဆုံး စီမံခန့်ခွဲမှုစာရေးဆရာတစ်ဦးဖြစ်သော ပီတာဒရပ်ကာ (Peter Drucker)က "သင်ယူလေ့လာခြင်းသည် အပြောင်းအလဲကို ရင်ပေါင်တန်းနိုင်ရန် တစ်သက်တာလုံးသင်ယူခြင်းဖြစ်သည် ဟူသောအချက်ကို ယခု ကျွန်ုပ်တို့လက်ခံပါသည်" ဟု ဆိုခဲ့သည်။

သင်ယူလေ့လာခြင်း(Learning)နှင့် ပတ်သက်၍ ပညာရှင်များ၏ ဆိုစကားများကို လေ့လာကြည့်ပါက စိတ်ဝင်စားဖွယ်ကောင်းနေသည်။ "သင်ယူလေ့လာခြင်းသည် အခွင့်အရေးဖြင့် မရရှိနိုင်ချေ။ လုံ့လဝီရိယဖြင့် အားထုတ်ရမည်"ဟု Abigail Adams က ဆိုသည်။ ဘဝတစ်သက်တာလေ့လာရေးအတွက် တွန်းအားပေးသော အဆိုအမိန့်တစ်ခုကို Clay P–Bedford က ဤသို့ ရှင်းပြထားသည်။

"သင့်အနေဖြင့် ကျောင်းသားတစ်ဦးကို တစ်ရက်လျှင် သင်ခန်းစာတစ်ခု သင်ပေးနိုင်ပါတယ်။ ဒါပေမဲ့ စူးစမ်းချင်စိတ်ဖန်တီးပေးခြင်းဖြင့် သင်ယူတတ်အောင် သင်ပေးနိုင်လျှင် သူအသက်ရှင်နေသရွေ့ သင်ယူမှုလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"

ထို့ကြောင့် Peter Drucker က "အရေးကြီးဆုံးအလုပ်က လူတွေကို သင်ယူတတ်အောင် သင်ပေးဖို့ပါပဲ" ဟု ဆိုညွှန်းခဲ့သည်။ ဘဝတစ်သက်တာလေ့လာနေသူများသည် ငယ်ရွယ်နုပျိုနေဆဲဖြစ်သည်။

လူငယ်များသိထားသင့်သော ဘဝတစ်သက်တာလေ့လာသင်ယူခြင်းဟူသည်မှာ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစူးစိုက်သော ကိုယ်တိုင်အစပြုသည့် ပညာရေးပုံစံတစ်ခုဖြစ်သည်။ မိမိဆန္ဒအလျောက် ဘဝတစ်သက်တာ လေ့လာသင်ယူခြင်းသည်အကောင်းဆုံးဟု ဆိုကြသည်။ လူငယ်များအနေဖြင့် သင်ယူလေ့လာခြင်း၏ ကောင်းကျိုးများကို သိရှိနားလည်ပြီး စိတ်ဝင်စားမှုရှိလာလျှင် စိတ်အားထက်သန်စွာ သင်ယူနိုင်မည်ဖြစ်သည်။ ဘဝရည်မှန်းချက်အတွက် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကျွမ်းကျင်မှုများ၊ အသိပညာများ၊ အတတ်ပညာများကို သင်ယူလေ့လာလိုစိတ်ရှိရမည်ဖြစ်သည်။

စေ့ဆော်ခြင်း(Motivation)သည် လူငယ်တို့အား စူးစမ်းလေ့လာလိုစိတ်ကို တွန်းအားပေးသည်။ ထိုမှတစ်ဆင့် လူငယ်တို့၏ အသိဉာဏ်ကိုမြှင့်တင်ပေးရန် သင်ယူလေ့လာခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းအသိဉာဏ်သည် လူငယ်တို့၏ ကိုယ်ပိုင်ဘဝအရည်အသွေးနှင့် မိမိကိုယ်ကို တန်ဖိုးရှိစေသော အတွေးအမြင်ကို ရရှိစေသည်။ ဤသို့ဖြင့် လူငယ်များသည် မိမိတို့၏ ဘဝပန်းတိုင်များသို့ ရောက်ရှိရန် လှုံ့ဆော်ပေးသည့် စိတ်ကူးစိတ်သန်းများကို အာရုံစိုက်ခြင်းဖြင့် ကြိုးစားလေ့လာသင်ယူရမည်ဖြစ်သည်။ ယင်းသည်ပင်လျှင် လူငယ်တို့ဖြတ်သန်းရာ ဘဝခရီးတစ်လျှောက်လုံးအတွက် လိုအပ်သော ဘဝတစ်သက်တာ သင်ယူလေ့လာခြင်းကို ညွှန်ပြနေသည်။

လူသား၏သဘာဝအရ သိချင်စိတ်ရှိပြီး အရာရာကိုလေ့လာချင်ကြသည်။ စူးစမ်းချင်ကြသည်။ လူသားတို့သည် သင်ယူနိုင်စွမ်းကြောင့် တိုးတက်မှုများ တွေ့ကြုံရရှိလာကြသည်။ ထို့ကြောင့် သင်ယူလေ့လာမှုအားလုံးသည် စာသင်ခန်းတစ်ခုတည်းမှာပင်မဟုတ်ချေ။ ဘဝတစ်သက်တာသင်ယူခြင်းဖြင့် ကြီးပွားတိုးတက်လာခြင်းဖြစ်သည်။ ဥပမာ ကလေးဘဝတွင် စကားပြောခြင်းကို မိဘဆွေမျိုးများနှင့် ပြောဆိုရာမှ တတ်ကျွမ်းလာသည်။ စက်ဘီးစီးခြင်း၊ ရေကူးခြင်းတို့သည်လည်း လူငယ်ဘဝတွင် သင်ယူခြင်းမှ ရရှိလာခြင်းဖြစ်သည်။ မိန်းကလေးများသည်လည်း ချက်နည်းပြုတ်နည်းကို မိဘများထံမှ သင်ယူလေ့ကျင့်ခြင်းဖြင့် ရရှိလာ၏။ နေ့စဉ်ဘဝတွင် သင်ယူလေ့လာခြင်းများသည် ဘဝတစ်သက်တာသင်ယူခြင်း၏ ထင်ရှားသောဥပမာများဖြစ်သည်။ ဘွဲ့ရပညာတတ်ပြီး လုပ်ငန်းခွင်ရောက်လျှင်လည်း လူငယ်များသည် ဈေးကွက်ရှာဖွေရေး (Marketing) ပညာ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resources Management) တို့ကို သင်ယူလေ့လာကြရသည်။

လူငယ်များအနေဖြင့် ပညာသင်ကြားနေစဉ်ဖြစ်စေ၊ အလုပ်လုပ်နေစဉ်ဖြစ်စေ၊ ပရဟိတလုပ်ငန်းများပြုလုပ်နေစဉ်ဖြစ်စေ ဘဝတစ်သက်တာသင်ယူမှုအတွက် အစပျိုးဆောင်ရွက်မှုများကို သင်ယူလေ့လာ၍ရသည်။ ဥပမာအားဖြင့် အိုင်တီပညာရှင်ဖြစ်လိုသော လူငယ်တစ်ဦးသည် ပရိုဂရမ်ရေးဆွဲခြင်းကို လေ့လာသင်ယူရမည်ဖြစ်သည်။ ဤသည်မှာ ကျွမ်းကျင်မှုအသစ်ကို စတင်သင်ယူလေ့လာခြင်းပင်ဖြစ်သည်။ အများပြည်သူ၊ လုပ်ဖော်ကိုင်ဖက်များ ပြောဆိုတတ်ရန် ဆက်သွယ်ရေးကျွမ်းကျင်မှုများ (Communication Skills) ကို လေ့လာဆည်းပူးရန်လိုသည်။ ထို့ပြင် မိခင်ဘာသာစကား(မြန်မာဘာသာစကား) အပြင် နိုင်ငံခြားဘာသာစကားများ (ဥပမာ –တရုတ်၊ ရုရှား၊ ဂျပန်၊ ကိုရီးယား) ကို လေ့လာသင်ယူခြင်းသည် ဘဝတစ်သက်တာလေ့လာမှု၏ အစပျိုးမှုအမျိုးအစားတစ်ခုဖြစ်သည်။

လူငယ်များသည် စိတ်ပါဝင်စားသော အကြောင်းအရာတစ်ခုကို သုတေသနပြုခြင်းဖြင့်လည်းသင်ယူလေ့လာနိုင်သည်။ စိုက်ပျိုးရေးကို စိတ်ဝင်စားသောလူငယ်တစ်ဦးသည် စိုက်ပျိုးရေးနှင့် ပတ်သက်သော သုတေသနစာတမ်းများကို လေ့လာဖတ်ရှုနိုင်သည်။ မိမိလုပ်နေသော စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးချနိုင်သည်။ အားကစားတစ်ခုခုကို သင်ယူခြင်း (ဥပမာ–လက်ဝှေ့၊ ဘောလုံးစသည်) နှင့် နည်းပညာအသစ်တစ်ခုခုကို အသုံးပြုရန်သင်ယူခြင်း (စမတ်စက်ပစ္စည်းများ၊ ဆော့ဖ်ဝဲ အက်ပလီကေးရှင်းများ)ကို လေ့လာသင်ယူခြင်းဖြင့် အစပျိုးနိုင်သည်။ လူငယ်များအနေဖြင့် အသိပညာအသစ်များ သင်ယူလေ့လာရာတွင် အွန်လိုင်းပညာရေးဖြင့် မိမိစိတ်ဝင်စားရာ သင်တန်းတစ်ခုခုကို တက်ရောက်နိုင်သည်။

သို့ဖြစ်ရာ ဘဝတစ်သက်တာ လေ့လာသင်ယူခြင်း၏ အကျိုးကျေးဇူးများကို လူငယ်များအနေဖြင့် သိရှိနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤသို့ဖြင့် လူငယ်တို့၏ဘဝခရီးတွင် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ မိမိသင်ယူလေ့လာလိုသော အကြောင်းအရာပေါ်တွင် စိတ်ကိုနှစ်မြှုပ်ခြင်းဖြင့် မိမိလုပ်နိုင်သောအရာကို လှုံ့ဆော်မှုပေးသော အကျိုးကျေးဇူးကို ရရှိမည်ဖြစ်သည်။

ထို့ပြင် ဘဝတစ်သက်တာလေ့လာမှုက လူငယ်တို့၏ စိတ်ပါဝင်စားမှုနှင့် ဝါသနာကို ပန်းတိုင်ရည်မှန်းချက်ဆီသို့ ဦးတည်လာသည်။ မိမိဘဝအတွက် စိတ်ပါဝင်စားမှုကို ဆောင်ရွက်သဖြင့် အနာဂတ်အခွင့်အလမ်းများ ရရှိနိုင်သည်။

ဘဝတစ်သက်တာလေ့လာမှုသည် လူငယ်တို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် ပရော်ဖက်ရှင်နယ်စွမ်းရည်များကို တိုးတက်စေသည်။ လူငယ်တို့သည် ကျွမ်းကျင်မှုအသစ်တစ်ခုကို သင်ယူရာတွင် အခြားသော အဖိုးတန်စွမ်းရည်များကို တည်ဆောက်နေကြသည်။ ဥပမာ– လူငယ်မိန်းကလေးတစ်ဦး စက်ချုပ်သင်နေစဉ် ပြဿနာဖြေရှင်းရန် လိုအပ်သည်။ ထို့ပြင် ပုံဆွဲရန်သင်ယူခြင်းတွင် တီထွင်ဖန်တီးနိုင်စွမ်းလိုလာသည်။ ဤသို့ဖြင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဝေဖန်ပိုင်းခြားမှုဆိုင်ရာ တွေးခေါ်မှုနှင့် လိုက်လျောညီထွေဖြစ်မှုတို့ကို ပိုမိုသိရှိနားလည်လာမည်ဖြစ်သည်။

ထို့ကြောင့် ဘဝတစ်သက်တာသင်ယူခြင်းသည် လူငယ်တို့၏အသိပညာကို မည်သည့်အခါမျှ ရပ်တန့်မရချေ။ လူငယ်တို့၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန်အတွက် ဘဝတစ်သက်တာ လေ့လာသင်ယူခြင်းကို ကြိုးပမ်းလုပ်ဆောင်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ

"အဖေ… ဆွဲဆောင်မှုကို ဆန့်ကျင်တာ၊ ရေရဲ့ ခံနိုင်ရည်ရှိမှု၊ ထိတ်လန့်မှုကို ခံနိုင်ရည်ရှိမှု အဲဒါတွေကို မှတ်မိလား။ ဟို အဖေ ကျွန်တော့်ကိုပေးတဲ့ အစင်းအပြောက် ဒဏ်ခံနိုင်တဲ့ နာရီလေ"

"အေး… မှတ်မိတယ်"

"အဲဒါ သားမှာ မရှိတော့ဘူးခင်ဗျ"



"မင်းနောက်ကို ကြောင်တစ်ကောင်က လိုက်နေပြီဆိုရင် ကံဆိုးတာဟာ ဘယ်တော့ဖြစ်လာမလဲကွ"

"ခင်ဗျား ကြွက်တစ်ကောင်ဖြစ်တဲ့ အချိန်ပေါ့ဗျာ"





"ပျားတွေဟာ ပျံတဲ့အခါ သူတို့ရဲ့ နောက်ပိုင်းခြေထောက်တွေကို လိမ်လိုက်၊ ဖြောင့်လိုက် ဘာကြောင့်လုပ်တာလဲ"

"သူတို့က ဘီပီ(ဘီးပီး) ဘူတာရုံကို ရှာနေ တာလေဗျာ"

# မလေးရှားနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မလေးရှား အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်) ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်းနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့လည်း သတ်မှတ်စာရွက်စာတမ်းအပြည့်အစုံ မိတ္တူတစ်စုံ ပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီများသည် Demand Letter အား အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း -<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၂၀ ဦးထက် မပိုစေရန်၊<br>(ခ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>(ဂ) Demand Letter တင်ပြရာတွင် dolmiagrationmalaysia @gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်းမပြုရန်)၊ | မလေးရှားအလုပ်ရှင်<br>မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ရန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန |
| ၃။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်း ပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမား စတင်စုဆောင်းခြင်းနှင့် Calling Visa လျှောက်ထားခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ<br>မလေးရှားအလုပ်ရှင် |
| ၄။ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - Calling Visa ရရှိပါက သက်ဆိုင်ရာအေဂျင်စီမှ စာချုပ်ချုပ်လိုသည့် ရက်မတိုင်မီ(၇) ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် Calling Visa မိတ္တူ၊ မလေးရှား အလုပ်ရှင်-အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Softcopy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@ gmail.com သို့ တင်ပြရန်၊<br>(ခ) အလုပ်ခေါ်စာ တစ်စောင်လျှင် လူဦးရေ ၂၀ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့်နေ့ရက်တွင် အမှတ်(၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၇။ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (တစ်ရက်သာ) နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>(ခ) အလုပ်ခေါ်စာမိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ Calling Visa နှင့် ဗီဇာမိတ္တူ၊<br>(ဂ) မလေးရှား အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီမှု စာချုပ်၊ မြန်မာအေဂျင်စီနှင့် အလုပ်သမားအကြားချုပ်ဆိုသည့် သဘောတူစာချုပ်၊ | မြန်မာအေဂျင်စီ |
| ၈။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့် အေဂျင်စီများကို ဦးစားပေးအစီအစဉ်အလိုက် သင်တန်းတက်ရမည့်နေ့ရက်သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းတာဝန်ခံသို့ အကြောင်းကြားခြင်း၊ Safe Migration Telegram Channel တွင် အသိပေးကြေညာခြင်း၊<br>- သင်တန်းတက်ရောက်ပြီးပါက OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်း တာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၉။ | မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း) ဖော်ပြပြီး စေလွှတ်မည့် အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ Excel soft copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@gmail.com သို့ တင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၁၀။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက် ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်း ဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@gmail.com သို့ ပြန်လည် တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၁။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံသို့ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၂။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများ စေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၃။ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationmalaysia@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | မြန်မာအေဂျင်စီ |

**မှတ်ချက်။** (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၂၀ ဦးထက်ပိုသော Demand Letter များကို ၂၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင်တစ်ကြိမ်သာ တင်ပြရမည်။

(၂) မလေးရှားနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)
## ဆိုင်ခန်းများ ငှားရမ်းရန် ကြော်ငြာခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)ရှိ အရောင်းဆိုင်ခန်းများအား ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လက်မှုထည်ပစ္စည်းများရောင်းချရန် အရောင်းဆိုင်ခန်းများ ငှားရမ်းခွင့်နှင့် Cash Memo အသုံးပြုခွင့် ပေးသွားမည်ဖြစ်ပါသည် –

| စဉ် | ဆိုင်ခန်းအမျိုးအစား | ငွေ (ကျပ်) |
|---|---|---|
| (က) | ၁၁' x ၁၂' မှန်ခန်း (၁)ခန်း တစ်လလျှင် | ၂၀၀၀၀၀/– |
| ( ခ ) | ၁၁' x ၁၂' မှန်လွတ်ခန်း (၁)ခန်း တစ်လလျှင် | ၁၅၀၀၀၀/– |
| ( ဂ ) | Booth (အရောင်းလှည်း) (၁)လုံး တစ်လလျှင် | ၅၀၀၀၀/– |

၂။ အထက်ဖော်ပြပါ ဆိုင်ခန်းများငှားရမ်းနိုင်ရန်အတွက် အသေးစိတ်သိရှိလိုပါက မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)၊ မယ်လမုဘုရားနှင့် ကျောက်ရေတွင်းမှတ်တိုင်အနီး၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၆၇– ၃၄၁၀၇၁၀ နှင့် ၀၁ – ၉၆၆၉၉၅၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**မြန်မာ့လက်မှုအနုပညာစင်တာ(ရန်ကုန်)**

## NANO TO GIGA STEEL COMPANY LIMITED
## Registration Date 18/01/2017, Registration No.107726837

မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ– (၁၄၇) (က) (၂) နှင့် ပုဒ်မ– (၁၅၂) (က) အရ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်း။

၁။ NANO TO GIGA STEEL COMPANY LIMITED ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် ၁၈–၃–၂၀၂၅ ရက်က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သူ ဝေဠုဝန်လမ်း၊ ကုန်းတလပေါင်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သီတာအုန်း (B.Com, CPA, DBL), PAPP–620, Member of Myanmar Association of Insolvency Practitioners No. 00212 အားခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကိုတစ်လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

## အမည်ပြောင်း

ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြမြို့၊ မရမ်းကုန်း(ရွာမ)၊ အ.မ.ကကျောင်း၊ ကျောင်းဝင်အမှတ် (၀၂၃၂)၊ Grade–5မှ (ဘ) ဦးကျော်သူအောင် [၁၄/မမန(နိုင်) ၂၁၉၄၅၀]+ (မိ) ဒေါ်ဇာဇာဝင်း [၁၄/မမန(ပြု) ၀၀၀၂၁၆] တို့၏ သမီးဖြစ်သူ မရွှေရတီအား မလင်းလက်သူဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မလင်းလက်သူ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ် (ခ/၂၇)၊ ဧရိယာ (၁၂၅၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၁၀)၊ ယုဇနလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှမောင်သိန်း (KTW–၁၆၂၃၇၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးလှမောင်သိန်း (KTW–၁၆၂၃၇၇)အပေါ် တရားပြိုင်ထားကာ ဒေါ်အေးမြင့်မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်– ၂၂/၂၀၂၁ (၁၉–၅–၂၀၂၁)၊ တရားမဇာရီမှုအမှတ်– ၃၅/၂၀၂၂ (၁၇–၂–၂၀၂၂)အရ အရောင်းအဝယ်စာချုပ်အမှတ် – ၈၁၄၄/၂၀၂၄ (၂၄–၉–၂၀၂၄)ဖြင့် ဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်အေးမြင့် [၁၂/ဒပန(နိုင်)၀၃၁၀၃၁]မှ ၎င်းဝယ်ယူပိုင်ဆိုင်ထားသော အထက်ပါမြေကွက်နှင့်ပတ်သက်သည့် နှစ်(၆၀) ဂရန်မူရင်းမှာ ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ ခြကိုက်ပျက်စီးနေသည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်ခြကိုက် ပျက်စီးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးကျော်ဖြိုးလွင်ဦး [၁၂/ဒဂတ(နိုင်)၀၄၉၁၈၉]နှင့် ဒေါ်ဝါဝါတင့်ဝေ [၁၂/စခန(နိုင်) ၀၆၀၅၀၁]တို့သည် (၂၁–၁၀–၂၀၁၄) မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေ ထိုင်လာခဲ့ရာ သား(၁)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်တော့သောကြောင့် (၂–၁၀–၂၀၂၄)ရက်နေ့တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ရှေ့မှောက်တွင် R.No–85/2024 ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ဦးတွင် ခွဲဝေယူရန် မည်သည့်ပိုင်ဆိုင်မှုမျှမရှိကြောင်းကို နှစ်ဦးစလုံးမှ သိရှိကြပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့သည့်အလျောက် နောက်နောင်တွင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာ ကိစ္စဟူသမျှကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း ပြုလုပ်ကြမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဖြိုးလွင်ဦး**
**[၁၂/ဒဂတ(နိုင်)၀၄၉၁၈၉]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ် (၁)လမ်း၊ အမှတ်(၅)နေ ဒေါ်တင်တင်ဝင်း ၏သမီး မဇင်မေကျော်ဝင်း [၁၂/လမန(နိုင်)၁၇၃၈၂၃]သည် မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများအကြိမ်ကြိမ်ပြုလုပ်နေသောကြောင့် ရာသက်ပန်သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မဇင်မေကျော်ဝင်းနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း**
**[၁၂/သဃက(နိုင်)၀၀၂၁၃၆]**

## မတည်ရင်းနှီးငွေလျှော့ခြင်းကိစ္စရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

Excel United International Real Estate Company Limited ၊ Registration No. 121250152 ၏ ကုမ္ပဏီမတည်ရင်းနှီးငွေကျပ် သိန်း (၂,၀၀၀,၀၀၀,၀၀၀) မှ ကျပ် သိန်း (၂,၀၀၀,၀၀၀) သို့ လျှော့ချသွားမည့်ကိစ္စနှင့် ပတ်သက်ပြီး ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူပူးတွဲပါရှိသည့် စာရွက်စာတမ်းအား မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် မတည်ငွေရင်းလျှော့ချခြင်းအားအတည်ပြုမည့်အစည်းအဝေးတစ်ရပ်အား ၂၀၂၅ ခုနှစ် ၊ဧပြီလ (၂၂)ရက်နေ့ နံနက် (၁၀း၀၀) တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပမည်ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များ ထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

Excel United International Real Estate Company Limited
Ph: 0936124447

## "အများသိစေရန်ကြေညာခြင်း"

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(–) ဟုခေါ်တွင်သည့် အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်သည် မူလပိုင်ရှင် ဦးကျော်နိုင် [၁၄/အမတ(နိုင်) ၀၄၀၃၃၇]နှင့် ဇနီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအေး [၁၄/ညတန(နိုင်)၁၆၃၁၈၂]ထံမှ ဦးဗိုလ်ကြည်ဟန် [၉/မထလ(နိုင်)၁၆၁၆၆၉]က ဝယ်ယူခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးတေဇာလှိုင် [၆/ထဝန(နိုင်)၀၆၈၈၈၂]က (၂၉–၉–၂၀၂၄) ရက်နေ့စွဲပါ "နှစ်ဦးသဘောတူ မြေကွက်နှင့် (၁)ထပ်တိုက် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဦးဗိုလ်ကြည်ဟန်ထံမှ ဝယ်ယူပြီး ဥပဒေနှင့်အညီ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးနောက် တရားဝင်စီမံခန့်ခွဲအကျိုးခံစားလျက်ရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ် ရှိ (၁)ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးတေဇာလှိုင် ကိုယ်တိုင် တရားဝင်လက်မှတ်ရေးထိုးခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အာမခံထားခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချမှုများပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ အထက်ပါစည်းကမ်းချက်များကို မလိုက်နာဘဲပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းသီဟ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၉၆၃)**
**အမှတ်(၂၄၇)၊ (၄)လွှာ(အေ)၊ ရတနာသီရိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅E၉)၊ လူနေရပ်ကွက်အမှတ် (S–၇၈)၊ မြေကွက်အမှတ် (V ၃၉)၊ အကျယ်အဝန်း(၀.၀၃)ဧကရှိ ဦးလှထွန်း [၁၂/ကမတ(နိုင်)၀၄၂၉၆၆] အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှထွန်း [၁၂/ကမတ(နိုင်)၀၄၂၉၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် (၂၅–၃–၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသိန်း (LL.B, DBL, DIL, DA Psy )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၈၃၃)**
**အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D–2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၅၅၅၀၂၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(FMI-၈)၊ မြေကွက်အမှတ်(၃၅၃)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ ဒေါ်မြမြအေး(၁၄/ဟသတ(နိုင်)၀၄၅၅၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ ဂန္ဓမာ(၂)လမ်း၊ တိုက်အမှတ်(B-72)ဟုခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ လူနေရပ်ကွက်အမှတ်– ၃၊ တော်ဝင်လမ်းသွယ် (၃)လမ်း၊ မြေကွက်အမှတ်– ၁၂၄၊ အကျယ်အဝန်း (၆၀ပေx ၆၀ပေ) ဦးအေးမောင် အမည်ပေါက် မြေချပါမစ်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသောအနေအထားဖြင့် အကျယ်အဝန်း (၁၅ပေx ၆၀ပေ) မြေကွက်နှင့် အိမ်အား ဒေါ်ခင်မြင့် [၁၂/တကန(နိုင်) ၀၂၈၉၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းရီ [၁၂/အစန(နိုင်)၀၈၂၃၇၆]က အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ယနေ့ထိတိုင် လက်ရှိထားစီမံခန့်ခွဲအကျိုးခံစားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းရီ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေခိုင်စိုး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၅၁၈)**
**တိုက်–၁၊ အခန်း–B၊ ဒုတိယအလွှာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၀၄၀၆၁၃၊ ၀၉–၇၄၀၀၁၆၂၅၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စေတနပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်–၂၉၊ အပေါ်ထပ်တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသက်လွင်ဦး [၁၂/အလန(နိုင်)၀၀၀၀၆၀]၊ ဒေါ်စန်းစန်းလင်း [၁၂/အလန(နိုင်) ၀၄၇၀၄၁]တို့၏သားဖြစ်သူ မောင်ဖြိုးပြည့်မင်းခန့် [၁၂/အလန(နိုင်) ၀၅၂၈၆၁] သည် မိဘများအပေါ် စိတ်ဆင်းရဲအောင်၊ ရိုင်းစိုင်းမှုအမျိုးမျိုးပြုမူဆောင်ရွက်ပြီး မိဘ၏ဆိုဆုံးမှုကို နာခံမှုမရှိဘဲ မိသားစု၏ဂုဏ်သိက္ခာ ကျဆင်းအောင်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပြဿနာအရှုပ်အရှင်းများမှာ မိဘ၊ မိသားစုများနှင့် လုံးဝမသက်ဆိုင်တော့ပါသဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကို ကြေညာအပ်ပါသည်။ မိဘ၊ မိသားစုများ၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော အပြုအမူ၊ အပြောအဆိုများ လာရောက်ပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးသက်လွင်ဦး + ဒေါ်စန်းစန်းလင်း မိဘများ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၂၂၀၁ )**
**အမှတ် (၂၃၁)၊ ငုဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၉၃၅၆၆၃၁၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၂၇လမ်း(အထက်)၊ အမှတ်(၁၉၈)၊ အခန်း(၁)၊ မြေညီထပ်ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂ ၃/၂'x၅၀')ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ရေ၊ မီး အစုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးကျင့်ဟူ[၁၂/ကတတ(နိုင်)၀၁၁၃၉၂]နှင့် ဒေါ်ဘိအိန်း(ခ)ဒေါ်မြင့်မြင့်ဝင်း [၁၂/လမတ(နိုင်)၀၂၄၁၆၆]တို့မှ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ကာလပေါက်ဈေးနှင့်အညီ အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးတင်မောင်သိန်း(စဉ်–၅၃၃၈)** | **ဒေါ်ယဉ်ယဉ်အောင်(စဉ်–၁၀၃၈၃)** | **ဒေါ်ခိုင်ဇာသွယ်(စဉ်–၅၀၀၅၄)** |
| **B.A,RL,D.B.L,D.I.L** | **LL.B,D.B.L,D.I.L,D.M.L** | **LL.B,D.B.L** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၁၅၇)၊ဒုတိယထပ်(A–3)၊၂၈ လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၇၆၁၅၈၊ ၀၉–၄၃၀၆၄၆၄၇**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ် (၄၁၃)၊ (၄၀x၆၀)ပေရှိ ရန်ကုန်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးလှမြင့်သန်း (ဘ) ဦးသန်းမောင် (L/RGN–029063) အမည်ပေါက် ပါမစ်မြေအမျိုးအစားကို ဒေါ်ဆန်းရီ [၁၁/စတန(နိုင်)၀၈၂၄၆၄]က အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းမှတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေစင်ဦး[၁၂/ကမန(နိုင်)၀၉၉၃၉၅]က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ရွှေစင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောယုနိုင် LL.B,D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၉၉)**
**အမှတ်(၄၄၄)၊ သော်ကမြိုင်လမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ၀၉–၄၂၀၀၅၉၄၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၉၇၉)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ **SHIV KUMAR(ခ)ဦးနေဝင်းကို[၉/ခအဇ(ပြု)၀၀၀၄၅၄]**အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဒဂုံရွှေမြား(၂)လမ်းနှင့် ရွှေဥဒေါင်းလမ်းထောင့်၊ အမှတ်(၉၇၉)ဟုခေါ်တွင်သည့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူထားသူ **ဒေါ်ကြည်သူဇော်[၉/ပမန(နိုင်)၁၉၈၄၉၃]**က ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်လင်းဇာခြည်ငြိမ်း [၁၂/မဂဒ(နိုင်)၁၆၂၂၃၄]**မှဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော် လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မင်းသူနန္ဒီဖြိုး** | **ဒေါ်စုစုမွန်** |
| **[LL.B,D.I.P.L,DL–101 WIPO(Switzerland)]** | **[LL.B,D.B.L,D.I.L,D.I.P.L,DL–101 WIPO(Switzerland)]** |
| **[တရားလွှတ်တော်ရှေ့နေ] (စဉ်–၁၂၈၄၆)** | **[တရားလွှတ်တော်ရှေ့နေ] (စဉ်–၁၃၄၉၆)** |

**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ် – ၃၀၂(၁၂+၁)၊Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ခဝဲခြံ(၁)လမ်း၊ အမှတ်(၆၂၅/B)၊ ပထမထပ်၊ အခန်းနံပါတ် (A–2) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးသန့်စင်အေး [၁၂/လမန(နိုင်)၀၀၉၉၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပဲန်ကူးလ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၃၂၃)**
**အမှတ်(1B/301)၊ ရတနာမွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၃၆၉၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်–၄၀၇/၄၀၉၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနေ ဦးရွှေမောင်း–ဒေါ်တင်ရီတို့၏သား မောင်သန့်ဇင်ထွန်း [၁၃/ညရန(နိုင်)၀၈၇၉၇၁]သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်သန့်ဇင်ထွန်းနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးနှင့် အခြားမည်သည့်ကိစ္စရပ်များကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးရွှေမောင်း** | **ဒေါ်တင်ရီ** |
| **[၉/ကပတ(နိုင်)၀၆၀၆၂၆]** | **[၉/ကပတ(နိုင်)၀၄၃၄၆၆]** |

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**အလုံခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊တရားမကြီးမှုအမှတ် ၄၀ နှင့်ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၀**

| | | |
|---|---|---|
| ဦးအောင်ဟိန်း | နှင့် | ဒေါ်ခင်နှောင်း |
| **(တရားနိုင်)** | | **(တရားရှုံး)** |

အမှတ်(၁၀)၊ ကြံခင်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်နှောင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အလုံခရိုင်တရားရုံး၏၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၀ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၉)ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၅ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်း(၅)ခန်း၊ ဆိုင်ခန်းအမှတ်(၆)Convenience Store ဆိုင်နှင့် ဆိုင်ခန်းအမှတ်(၇) ကော်ဖီဆိုင်တို့အား (၁–၅–၂၀၂၅)ရက်နေ့မှ (၃၁–၃–၂၀၂၆)ရက်နေ့အထိ (၁၁)လ ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များ ရောင်းချမည့်ရက် – (၂၆ – ၃ –၂၀၂၅) ရက်နေ့မှ (၉ – ၄–၂၀၂၅) ရက်နေ့ထိ

(ခ) တင်ဒါပိတ်ရက် – (၉ –၄ –၂၀၂၅)ရက်နေ့ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို (၁)စောင်လျှင် (၂၀၀၀/–)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်သိရှိလိုပါက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖုန်းနံပါတ်(၀၉–၄၂၀၀၀၃၁၈၀၊ ၀၉–၂၅၄၃၈၃၁၆၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ**

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ–၂၁၁ အရ PAN SU PYAE KYAW COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေး တက်ရောက်ရန်ဖိတ်ကြားခြင်း

**PAN SU PYAE KYAW COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

**အစည်းအဝေးကျင်းပမည့်ရက်** ။ ။ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်။
**အစည်းအဝေးကျင်းပမည့်အချိန်** ။ ။ နံနက် ၁၀:၀၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ** ။ ။ ကုမ္ပဏီရုံးခန်း

**PAN SU PYAE KYAW COMPANY LIMITED** ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (MAIP MEMBER–00230)**
**PAN SU PYAE KYAW COMPANY LIMITED**
**Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်–၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–5098942, 09–795921932**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ လူနေရပ်ကွက်အမှတ်(၆)၊ မလိခလမ်း၊ မြေကွက်အမှတ်(၂၄၅/ခ)၊ ဦးစိုးမြင့်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ (၂၀x၆၀) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ ၎င်းမှသာလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်ဇော် [၁၂/အစန(နိုင်)၁၃၆၉၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက ဦးအောင်ကိုဦး[၉/မခန(နိုင်)၁၄၆၄၀၉]၊ ဒေါ်ဝေမီအောင်[၉/မခန(နိုင်)၁၆၂၇၁၅] တို့ကဝယ်ယူရန်အတွက် ရောင်းကြေးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၂၇၄)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၃၆၄၄၅၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ စံပယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် (၄၆၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဗိုလ်မှူးဘာဘာအမည်ပေါက် ပါမစ်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်စုဟန် [၉/မခန(နိုင်)၂၁၇၄၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ကျန်းချိန်ဖိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ကြီးပွားရေးရပ်ကွက်၊ မြေကွက်အမှတ်(၁၄)၊ (အလျား ၆၀ပေ x အနံ ၆၀ပေ)၊ ဧရိယာ(၃၆၀၀) စတုရန်းပေအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၁၄) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူများဖြစ်သော **ဦးလင်းထင်[၁၂/ပဇတ(နိုင်)၀၂၈၄၀၉]၊ ဒေါ်သင်းသင်းခိုင်[၁၂/ဒလန(နိုင်)၀၀၀၉၀၅]**တို့ အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးချမ်းမြေ့ဦး[၁၂/မဂတ(နိုင်)၁၀၁၃၀၆]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေအိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄–အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း –၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်ကွက်သစ်လမ်း၊ အမှတ်(၆၃) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ ဓာတ်လှေကားပါ (၈–ထပ်ခွဲ)ထပ်တိုက်၏ တတိယထပ် (၄–လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၉ပေx၇၀ပေ)ရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံး**ကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းထွန်းအောင် [၉/ဝတန(နိုင်)၀၀၀၅၃၆]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်း[၉/မနမ(နိုင်)၁၁၅၄၉၂]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိဖြိုးဇင် LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၅၇)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃–လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များ အားလုံး**ကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသိန်း[၁၂/စခန(နိုင်)၀၂၇၇၇၁]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသစ်ထွေးအောင် [၁၃/တကန(နိုင်)၂၈၅၃၈၈]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့် LL.B** | **ဒေါ်အိဖြိုးဇင် LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းကျေးရွာ၊ မိုးမခလမ်းရှိ ဧရိယာ(၂၅ ပေx ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ခင်မေကြည်၏ နေအိမ်နှင့်ကပ်လျက်တည်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်စပ်စာချုပ်အရပ်ရပ်ဖြင့် မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုလွင်[၁၁/ကတန(နိုင်)၀၈၀၉၂၅]သည် မြေကွက်၏ ကာလပေါက်ဈေးများနှင့်အညီ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးလွင် [၇/ပတတ(နိုင်)၁၃၉၀၃၈]မှလည်း ယင်းတန်ဖိုးဖြင့် အပိုင်ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဇော်မျိုးလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယုဇနအောင် (LL.B,D.B.L,D.I.L) အထက်တန်းရှေ့နေ(စဉ်–၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၃၆၂၁၆၉၊ ၀၉–၉၄၅၅၄၅၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၂)၊မြေကွက်အမှတ်(၂၆၆)၊ ချမ်းမြေ့သာယာ(၂)လမ်း၊အကျယ်အဝန်း(၀. ၀၅၃၈ဧက)ရှိ ဒေါ်ငွေငွေရင် အမည်ပေါက်သည့် နှစ် ၆၀ ဂရန်မြေကွက်နှင့်တကွနေအိမ်အကျိုးခံစားခွင့်များအား အရောင်းအဝယ်စာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာ(၁၄၁၀၃/၂၀၂၃)အရ တရားဝင်ဝယ်ယူပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးအောင်မြင့်(၁၂/ဗတထ(နိုင်)၀၀၇၇၅၁)၊ဒေါ်ခင်မာစိန်(၁၂/ဗတထ(နိုင်)၀၀၈၀၄၁)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သင်္ဂဟလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၃စီ၊ မြောက်၊ မြေကွက်အမှတ်–V ၃၅ A၊ ဧရိယာ(၀.၀၅၀)ဧက၊ အမည်ပေါက် ဦးဘိုးခ၊ နှစ်(၉၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ တိုက်အမှတ် – ၃၃၊ (၈)ထပ်တိုက်၏ ၈–လွှာ (ခေါင်းရင်းဘက်အခန်း) (ညာဘက်)(အလျား ၁၈ ပေ x အနံ ၇၀ ပေ)၊ အကျယ်အဝန်းရှိ BCC ပါဝင်သည့် တိုက်ခန်း(၁)ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာစိုး (ဘ) ဦးစိုးကြည် [၁၄/ဂခမ(နိုင်)၀၀၁၆၀၈]နှင့် မမြတ်ပွင့်စု (ဘ) ဦးဝင်းထိန် [၁၂/တမန(နိုင်)၁၁၃၃၈၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်ထွန်း (ဘ) ဦးသန်းထွန်း [၆/ကသန(နိုင်)၀၃၅၆၇၄]က (၂၄–၃–၂၀၂၅)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်စန္ဒီကိုး တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၇၈)**
**အမှတ် (၁၆၁)၊ ဗိုလ်ချုပ်လမ်း၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော စက်သုံးဆီ၊ ဒီဇယ်(ရိုးရိုး)-(၃၂၀၀၀) ဂါလန်နှင့် ဓာတ်ဆီ (92 Ron)-(၃၄၀၀၀)ဂါလန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံ ရောင်းချမည့်ရက် | - | (၂၀-၃-၂၀၂၅)ရက်နေ့မှ (၂၇-၃-၂၀၂၅) ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံ ရောင်းချမည့်နေရာ | - | စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |
| ၄။ | တင်ဒါလျှောက်လွှာ ပိတ်ရက် | - | ၂၈- ၃ -၂၀၂၅ ရက်နေ့၊ (၁၃:၀၀)နာရီ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃

ဒေါ်သုခါအောင် နှင့် ၁။ ဦးပြည့်ဖြိုးကျော်
၂။ ဦးစည်သူကောင်းထက်ကျော်
၃။ ဒေါ်ရည်မွန်ထွန်း
၄။ ဦးကောင်းမြတ်ထက်
၅။ ဒေါ်နှင်းပွင့်ဝေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး ၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ မြေညီထပ်၊ အမှတ် (၁၁၅/၈)နေ (၂)တရားပြိုင် ဦးစည်သူကောင်းထက်ကျော်၊ (၃)တရားပြိုင် ဒေါ်ရည်မွန်ထွန်း၊ (၄) တရားပြိုင် ဦးကောင်းမြတ်ထက်နှင့် (၅)တရားပြိုင် ဒေါ်နှင်းပွင့်ဝေတို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ကြွေးကျန်ငွေကျပ်သိန်း (၃၁၆,၁၀၀,၀၀၀/-) ကျပ်နှင့် နစ်နာကြေးငွေ သိန်း(၁၀၀၀) အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း (၄၁၆,၁၀၀,၀၀၀/-)ကျပ် ပြန်လည်ရလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၂၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- စက်မှုလက်မှု၊ လူနေရပ်ကွက်အမှတ်- စက်မှုလက်မှု၊ မြေကွက်အမှတ်- (၉၂)၊ အကျယ်အဝန်း (၁၆၅ပေx ၁၃၅ပေ)၊ ဧရိယာ (၂၂၇၅) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၉၂)ဟု ခေါ်တွင်သောအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန (မြို့မြေစာရင်း)တွင် ဗိုလ်မှူးကြီးသန်းဌေး (MTA-၀၉၆၃၂၅) အမည်ဖြင့် မှတ်သားထားရှိပါသည်။ အမည်ပေါက်သူ ဗိုလ်မှူးကြီးသန်းဌေးသည် (၂၉-၆-၂၀၁၄)ရက်နေ့တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်အေးရှင် [၁၂/ဒဂန(နိုင်)၀၁၇၆၈၁]သည် (၅-၁-၁၉၉၇)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး အထက်ဖော်ပြပါပစ္စည်းအား ၎င်းတို့၏ သားသမီးများဖြစ်ကြသော ယခုရောင်းချသူများဖြစ်သည့် (၁) ဒု-ဗိုလ်မှူးကြီးဌေးဝင်း (ငြိမ်း) [၁၂/အလန(နိုင်)၀၂၁၈၆၀]၊ (၂)ဒေါ်သီသီဌေး [၁၂/ဒဂန(နိုင်)၀၁၇၇၃၃]၊ (၃) ဦးကျော်စိုး [၁၂/ဒဂန(နိုင်)၀၂၆၆၇၇]နှင့် (၄)ဒေါ်မာလာဌေး [၁၂/ဒဂန(နိုင်)၀၁၇၇၁၆]တို့ (၄)ဦးမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် (၄၁၉/၂၀၁၆)ဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မိမိတို့ရောင်းချသူများမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မှမရှိပါကြောင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေများက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ပါးပါးနီ (LL.B., D.B.L)** | **ဒေါ်ခင်မာချို ( LL.B., D.I.P.L )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၈၄၇)** | **(စဉ်-၁၇၇၇၀)** |

**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**


## To Lease Condo ( Apartment)

Location : Yangon Magical World Apartment 6th Floor, (near the Deplomatic Area)
Structure: One Bed Room, attached bathroom and water heater, Guest Room, Two Aircon, Cabinet, Electric Cook top, door Card & Fingerprint password Room Area (391.80) Sqft, Lift.
Lessee must be only for foreigner. (Fees Only for Kyat ) Contact Phone : 09 785007264


## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ- ၂၁၁ အရ
## TOYO LOGISTICS (MYANMAR) COMPANY LIMITED
## အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်
## စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်ပတ်သက်၍
## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

TOYO LOGISTICS (MYANMAR) COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | |
|---|---|
| အစည်းအဝေးကျင်းပမည့်ရက်။ | ။ ၂၀၂၅ခုနှစ်၊ မတ်လ (၃၁)ရက်။ |
| အစည်းအဝေးကျင်းပမည့်အချိန်။ | ။ နံနက် ၁၀:၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ။ | ။ ကုမ္ပဏီရုံးခန်း |

TOYO LOGISTICS (MYANMAR) COMPANY LIMITED ၏စာရင်းများကိုပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER-00230)**
**TOYO LOGISTICS (MYANMAR) COMPANY LIMITED**
**Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ။ 09-5098942, 09-795921932**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်(၁၄-A)၊ အခန်းအမှတ်(၃၂၁)၊ (၁၅)ထပ်၊ ဧရိယာ (၈၂၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်တင်တင်ထွေး [၁၂/မဂတ(နိုင်)၀၂၃၆၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုစိုးဝေယံ [၁၂/ဒပန(နိုင်)၀၄၈၅၇၅]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဥာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/ခ)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း- ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း
## အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော ဦးရဲမင်းထိုက် (ဘ) ဦးကျော်မြင့် [၇/ပတန(နိုင်)၁၀၂၈၆၁]နှင့် ဒေါ်နော်မေနွယ်စိုး (ဘ) ဦးထိန်ဝင်း [၃/လသန(နိုင်)၀၀၈၁၄၇]တို့သည် (၁၄-၃-၂၀၂၅) ရက်နေ့ နှစ်ဖက်သော အသိသက်သေများရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းပြတ်စဲ၍ "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း နှစ်ဦးသဘောတူကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသဖြင့် ဦးရဲမင်းထိုက်နှင့် ဒေါ်နော်မေနွယ်စိုးတို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းထိုက်နှင့် ဒေါ်နော်မေနွယ်စိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး (က+ခ)ရုံ၊ ရုံအမှတ်(က)၊ ဆိုင်အမှတ်(၁၇၀)၊ ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်ကောရှယ်လာဒေဗီ(ခ)ဘေဘီ မှတ်ပုံတင်အမှတ် [၁၂/ပဘတ(နိုင်) ၀၂၄၂၇၃]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်(W-05295) ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံဖုန်းနံပါတ် ၀၉-၄၄၈၀၄၆၃၇၅**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၅-ရပ်ကွက်၊ ၅၂-လမ်း၊ တိုက်အမှတ်- (၁၃)၊ တိုက်အားမျက်နှာမူသော် ၇-လွှာ(ဘယ်ဘက်ခြမ်း)၊ (၁၄ပေx ၆၀ပေ)ရှိ နေအိမ်တိုက်ခန်းအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခိုင်ငြိမ်းဦး[၁၂/မဂတ(နိုင်)၀၉၇၃၂၄]က (၁၀-၈-၂၀၂၂)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်းဝန်ခံလျက် ပိုင်ဆိုင်စာရွက်စာတမ်းမူရင်းများနှင့်တကွ အခန်းအား တရားဝင်လက်ရှိထားစီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မြတ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်- ၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၈၂၁၉၂ ၊ ၀၉-၅၄၁၂၇၅၊ ၀၉-၉၇၅၅၅၇၇၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ်(၁၅၁) ဟုခေါ်တွင်သည့် ဧရိယာ (အလျား ၃၀x အနံ ၈၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**သည် ရောင်းချသူ ဒေါ်သန်းသန်းမြင့် [၁၂/မဂဒ(နိုင်)၁၀၂၅၇၀]အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်သည် မိမိတစ်ဦးတည်းပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းထွန်းဇော် [၁၂/ကတတ(နိုင်)၀၀၀၄၂၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီဝင်း**
**(အထက်တန်းရှေ့နေ) (စဉ်-၂၂၇၃၆)**
**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၂၇၈၂၂၈**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၅၅၈)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော လမ်းထောင့်ဘက်ခြမ်း၏မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်တင်တင်နွယ် [၅/စကန(နိုင်)၀၄၉၀၂၄] အမည်ပေါက် မြေချပါမစ်(၂+၄)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအာကာထွန်း [၁၂/ဒဂတ(နိုင်)၀၇၃၆၆၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မေမြို့ပန်းလမ်း၊ မြေကွက်အမှတ်(၄၅၈)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ဒန်းမားယား(EP-၀၄၆၃၂၈)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ဝင်းမာထိုက် [၇/ဖမန(နိုင်)၁၂၄၃၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ (၄)ရပ်ကွက်၊ အဲမွန်ဒရာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၇၅၉)၊ အကျယ် (၂၅x၅၀)ပေရှိ ဦးဝင်းမောင် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဒေါ်သန်းသန်းဌေး+၄ [၁၂/ဒလန(နိုင်)၀၀၀၀၉၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ" (စဉ်- ၁၃၅၇၅)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ Ph: 09-420088970**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ပြည်တော်သာလမ်းနှင့်ဆေးရုံလမ်းထောင့်၊ (အကွက်အမှတ်- ၁၈၊ ဇရစ်စမ်းမြောက်ကွက်- ဂရန်မှတ်သားချက်)၊ (အကွက်အမှတ်- ၁၈၊ ဇရစ်စမ်းတောင်ကွက်- စာရင်းမြေပုံမှတ်သားချက်)၊ ဦးပိုင်အမှတ် (၈၉/၁)၊ ဧရိယာ (၀.၀၉၅) ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ် RPNO 26 V/1996-1997 အရ ဒေါ်လှကြွယ် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ဦးစိုးမြင့်နှင့် ဒေါ်လှကြွယ်တို့မှာ တရားဝင်အကြင်လင်မယားများတော်စပ်ကြ၍ သားသမီးအရင်းအချာများအဖြစ် ၁။ ဦးသန်းဝင်း၊ ၂။ ဒေါ်စန်းစန်းနွဲ့၊ ၃။ ဦးတင်ဝင်း၊ ၄။ ဦးဌေးမြင့်၊ ၅။ ဦးဌေးကြွယ်၊ ၆။ ဒေါ်တင်တင်မြင့်၊ ၇။ ဒေါ်စီစီမြင့်တို့ (၇)ဦးအား မွေးဖွားခဲ့ပါသည်။ ဦးစိုးမြင့်သည် (၁၅-၁၀-၁၉၉၁)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်လှကြွယ်မှာ (၅-၇-၂၀၁၅)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားခဲ့၍ အထက်ဖော်ပြပါ ဧရိယာ (၀.၀၉၅) ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၁။ ဦးသန်းဝင်း၊ ၂။ ဒေါ်စန်းစန်းနွဲ့၊ ၃။ ဦးတင်ဝင်း၊ ၄။ ဦးဌေးမြင့်၊ ၅။ ဦးဌေးကြွယ်၊ ၆။ ဒေါ်တင်တင်မြင့်၊ ၇။ ဒေါ်စီစီမြင့်တို့ (၇)ဦးမှ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၄၉/၂၀၁၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၃၄/၂၀၁၄)** |
| **၀၉ - ၄၂၁၀၅၃၁၁၀** | **၀၉ - ၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

MYMANAR SEAFARERS FEDERATION

### နာယကအဖြစ် တင်မြှောက်နိုင်ရန်အတွက် အမည်စာရင်းတင်သွင်းရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (MSF) အနေဖြင့် သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အသင်း သားမျက်နှာစုံညီအစည်းအဝေး ကျင်းပချိန်တွင် **နာယကအဖွဲ့**အား ဖွဲ့စည်းတင်မြှောက်နိုင်အတွက် အဖွဲ့ချုပ်၏ အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်များအနေဖြင့် **နာယက** ဖြစ်သင့်ဖြစ်ထိုက်သူအမည်စာရင်းအား အလုပ် အမှုဆောင်အဖွဲ့၊ အဖွဲ့ချုပ်သို့လိပ်မူ၍ အဆိုပြုတင်သွင်းပါရန်ဖိတ်ခေါ်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
အမှတ် ၅၃၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (မြေညီထပ်)

ရုံးဖုန်း။ (၉၅) ၉၄၅၀၇၇၄၃၀၀၊ (၉၅) ၉၇၇၇၇၆၇၁၈၂၊ (၉၅) ၉၆၆၆၀၅၈၈၆၈၊

အီးမေးလ်။ info@myanmarseafarers.org

အထက်ဖော်ပြပါလိပ်စာ၌ နာယကအမည် အဆိုပြုတင်သွင်းရန်ပုံစံ(Form-Admin-Patron02/2024)အားရယူနိုင်ပါသည်။

2024-09-12 Form-Admin-Patron-01/2024နာယကအဖွဲ့ဖွဲ့စည်းနိုင်ရန်အတွက် အမည်စာရင်းတင်သွင်းရန်ဖိတ်ခေါ်ခြင်း


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၁-လမ်း၊ တိုက်အမှတ်(၁၂၀)၏ ပထမထပ်၊ ခန့်မှန်းအကျယ် (၁၆ ၁/၂ x ၅၀)ပေရှိ ရေမီးစုံတိုက်ခန်းကို ယခုလက်ရှိ ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးကျော်မြင့်[၁၂/လသန(နိုင်)၀၁၁၂၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းထွန်းမင်း[၁၃/လရန(နိုင်)၁၀၂၀၀၈]ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို အောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ တိုက်အမှတ်(၁၀၈)၏ ၄လွှာ(တတိယထပ်) အကျယ် (၂၅x ၄၀)ပေရှိ ရေမီးစုံတိုက်ခန်းကိုယခုလက်ရှိပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တုံဆင်ကျီ[၁၃/လရန(နိုင်)၁၀၀၈၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သန္တာဝင်း[၁၂/ကတတ(နိုင်)၀၂၆၃၇၈]နှင့် ဦးစိုးထက်နိုင်[၁၂/ကတတ(နိုင်)၀၃၁၄၈၂]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့် ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် UE1(တိုးချဲ့)၊ BM(၂)လမ်း၊ မြေကွက်အမှတ်(၅၁၇) မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးကံညွန့် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ (၁၀x၆၀)ပေ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် လျှပ်စစ်မီတာပါဝင်သောယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ထွေးထွေးအောင်[၁၄/ဇနဖ(နိုင်)၁၆၅၇၇၂]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင်[၈/ခမန(နိုင်)၂၀၄၀၁၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း LL.B , DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၆၉**

### အများသိစေရန်ကြေညာချက်

၁။ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ အမှတ်(၃)လမ်းနှင့်ရွက်လှလမ်းထောင့်၊ အမှတ်(၅၁၆)တွင် (၁)ခန်းတည်း (၄)ထပ်တိုက် (Roof Slab) (လူနေရန်) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဦးဝင်းသော်၊ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်လတ်(LC-926)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးခင်မောင်သန်း(RSE-684)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၄-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၇၅၈/၇၅၇/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ် ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ အဆောက်အဦအား ဆောက်လုပ်လိုခြင်းမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ တို့မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ လူနေရပ်ကွက်အမှတ်(ည/၁၁)၊ ရန်ကြီးအောင်(၁)လမ်းမ၊ မြေကွက်အမှတ်(၈၅၀)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ ဂရန်မြေကွက်ကို အမည်ပေါက်ဖြစ်သူ ဦးဝင်းသိန်း[၁၂/စခန(နိုင်)၀၂၁၉၃၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မိုး[၁၂/ရပသ(နိုင်)၀၁၄၇၂၄]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးကျော်(LL.B) ဒေါ်အိခိုင်ညီမိုး[LL.B, D.B.L, D.I.L]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၅၉) အထက်တန်းရှေ့နေ(စဉ်-၂၉၂၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၉၅၁၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးကောင်းမြတ်အောင်[၁၂/သလန(နိုင်)၁၅၀၉၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းမြတ်အောင်အား ၎င်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်သော်လည်းကောင်း ရည်ရွယ်၍ ၎င်း၏ရုပ်ပုံများအား အသုံးပြု၍ မဟုတ်မမှန်သောစာသားများဖြင့် ပူးတွဲရေးသားဖြန့်ဝေခြင်းနှင့် ဦးကောင်းမြတ်အောင်အား စိတ်အနှောင့်အယှက်ဖြစ်စေရန် မဟုတ်မမှန်သော သတင်းများကို ဆက်သွယ်ရေးကွန်ရက် (Face Book, Viber, Telegram) များတွင်ရေးသားပေးပို့ခြင်း၊ ဦးကောင်းမြတ်အောင် နေထိုင်အလုပ်လုပ်ကိုင်ရာ ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အသရေပျက်စေသည့်အကြောင်းအရာများ ရေးသားပြောဆိုခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။ အကယ်၍ ပြုလုပ်ထားခြင်းများ ရှိပါကလည်း ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် အထက်ဖော်ပြပါကိစ္စရပ်များ ပြုလုပ်သူမည်သူမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၇၄၇)**
**အမှတ်-၁၄၂၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၁၁၈၄၁၃၅**

## "မြေကွက်" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးစောအေးမင်းဖြိုး[၉/ခအဇ(နိုင်)၀၀၀၄၇၆]နှင့် ဦးသက်ထွန်းစံ(ခ)သန်းထိုက်စိုး [၉/မဟမ(ဧည့်)၀၀၀၀၀၇]တို့သည် "ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးရပ်ကွက်၊ ဒလ-တွံတေးကားလမ်းဘေး၊ မြေတိုင်းရပ်ကွက်အမှတ်-(တာကြီး)၊ မြေကွက်အမှတ်(၁၈၇)ဟုခေါ်တွင်သော အကျယ်(၄၀x၆၀)ပေရှိ မြေကွက်(၁)ကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"တို့အား တရားဝင် ပိုင်ဆိုင်သူဖြစ်သော "ဦးသိုက်ထွန်း[၉/တကန(နိုင်)၀၁၃၃၆၀]ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာသိန်း(LL.B) ဒေါ်ပွင့်သူဇာ(LL.B)**
**(စဉ်-၁၄၅၉၈) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (စ)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

# ကြေညာချက်

၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုများနှင့်အညီ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ရေကစားမဏ္ဍပ်လျှောက်ထားလိုသူများသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မိသားစုမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များကို ရေရရှိနိုင်ရေးအခြေအနေပေါ်မူတည်၍လည်းကောင်း၊ ယာဉ်ကြောကြပ်တည်းမှု အခြေအနေပေါ်မူတည်၍လည်းကောင်း၊ မဏ္ဍပ်အကြီးနှင့် အလတ်များကို စနစ်တကျ ခွင့်ပြုနေရာချထားပေးမည်ဖြစ်ပါသည်။ ရေကစားမဏ္ဍပ်အမျိုးအစားအလိုက်ခွဲခြား၍ သတ်မှတ်လျှောက်လွှာပုံစံများဖြင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စိစစ်ထောက်ခံချက်များနှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သို့ လျှောက်ထား၍ မဏ္ဍပ်နေရာချထားရေးနှင့် ကြံ့ခိုင်မှုစစ်ဆေးရေးကော်မတီ၏ စိစစ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အတည်ပြုခွင့်ပြုချက်ရရှိမှသာ စတင်ဆောက်လုပ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရေးအတွက် ၂၅ - ၃ -၂၀၂၅ ရက်နေ့မှ ၇-၄-၂၀၂၅ ရက်နေ့အထိ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်စည်းကမ်းချက်များနှင့် လျှောက်လွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် ရယူနိုင်ပြီး သတ်မှတ်ရက်ထက်နောက်ကျ လျှောက်ထားသောလျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် -၀၁၈၃၇၁၁၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဓမ္မစေတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၇၂၅+၂၇၂၆)၊ အကျယ်(၅၀x၅၀)ပေရှိ ဦးမျိုးညွန့် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးညွန့်[၁၂/ကမတ(နိုင်)၀၀၈၁၄၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး LL.B, WIPO(Switzerland) (စဉ်-၁၃၅၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ Ph:09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၈၅၃/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဒေါ်ညွန့် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဒေါ်ညွန့်+၂ [၁၂/ဒလန(နိုင်)၀၁၉၆၇၃]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး LL.B, WIPO(Switzerland) (စဉ်-၁၃၅၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ Ph:09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံ(၃)လမ်း(ခ)စကားဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၃၃၃/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးခင်မောင်ဝင်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းဖြူ[၁၂/ဒလန(နိုင်)၀၄၂၄၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး LL.B, WIPO(Switzerland) (စဉ်-၁၃၅၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ Ph:09-420088970**

## ဒေါ်တင်တင်အေး(ခ)ဘင်စိန်
## အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်မောင်-ဒေါ်ရှုတီ)တို့၏ သမီးငယ်၊ (ဦးကွမ်း-ဒေါ်စန်းရင်)တို့၏ သမီးချွေးမ၊ အမှတ်(၄၇)၊ (၆)လွှာ၊ လမ်း(၂၀)၊ လသာမြို့နယ်နေ ဦးစိန်ထွန်း(ခ)ကိုဝိုင်း၏ ဇနီး၊ သမီး မယဉ်ယဉ်ပြုံး၊ ဒေါက်တာ မြတ်လေးခိုင်တို့၏ မိခင် ဒေါ်တင်တင်အေး(ခ)ဘင်စိန်သည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၆ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။ [အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၈၃-လမ်း၊ အမှတ်(၇၂)၊ အကျယ်အဝန်း (၂၅x၄၀)ပေရှိ မြေညီထပ်ဟု ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ **ဦးထွန်းရွှေ [၁၀/မလမ (နိုင်) ၀၇၀၃၉၀]** ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဥ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဥ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044, 09-250674940**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/၅/၁၀၀(ခ)၊ မင်းရဲကျော်စွာ(၁၆)လမ်း၊ အကျယ်အဝန်း(၂၀ပေ x၆၀ပေ) ရှိ နှစ် (၆၀) ဂရန်မြေမှာ ဦးမောင်မောင်ကြည် (B/RGN-၀၁၅၇၅၃) အမည်ပေါက် မှတ်သားတည်ရှိသောမြေကွက်အား ဦးအုန်းနိုင်[၁၄/ညတန(နိုင်)၀၈၂၁၄၇]နှင့် ဒေါ်စိုးကေသီ[၁၂/မရက(နိုင်)၁၃၃၉၁၉]တို့က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ လက်ရှိထားပိုင်ဆိုင်ထားပြီး၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုလျက် အပြီးအပိုင် လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုဝင်း[၁၂/လသယ(နိုင်)၀၂၉၂၁၉] မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကိုဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဝေ(LL.B) အထက်တန်းရှေ့နေ(စဥ်-၄၃၅၆၈)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၇၉၀၀၉၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်-၇၁၆ဟုခေါ်တွင်သောဗိုလ်ကြီးတင်ဆွေအမည်ပေါက်အကျယ်အဝန်း(၄၀'×၆၀')ရှိပါမစ်မြေကွက်ကြီး၏ခေါင်းရင်းခြမ်းဖြစ်သည့်အကျယ်အဝန်း(၂၀'×၆၀')ရှိသောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအိမ်ပါ၊မီးပါ၊ရေပါ အကျိုးခံစားခွင့်အရပ်ရပ်ကိုအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူဦးမျိုးအောင်(၁၂/ဒဂရ(နိုင်)၀၀၀၈၁၀)မှဥပဒေနှင့် အညီတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုပြောဆိုရာ ကျွန်မဒေါ်သီတာမြ(၁၂/တမန(နိုင်)၀၀၆၇၈၄)မှအပြီးအပိုင်လွှဲပြောင်းဝယ်ယူ ရန်အတွက်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းများဖြင့်ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်သီတာမြ (၁၂/တမန(နိုင်)၀၀၆၇၈၄)**
**အမှတ်(၆၃၃)၊ ဗိုလ်စောနောင်လမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၂၀၉၂၀၁၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ် (၆၉၆)၊ မြေကွက်တည်နေရာအမှတ်(၆၉၆)၊ ငမိုးရိပ်(၃)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးခင်မောင်-ISN 158430) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးခင်မောင် (ဖခင်)နှင့် ဒေါ်ကျင်စိန်(မိခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်ခင်ဝင်းတင့်[၁၂/သဃက(နိုင်)၀၄၉၆၄၁]၊ ဦးဝင်းမြင့်[၁၂/ကတတ(နိုင်)၀၀၇၉၇၈]၊ ဦးထွန်းလင်း[၁၂/ကတတ(နိုင်)၀၀၇၄၀၇]၊ ဒေါ်တင်တင်လှိုင် [၁၂/သဃက(နိုင်)၀၄၈၁၅၂]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ ၁၁/၁၁၄၂/၂၀၂၄(၁၃-၁၁-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
### ဂုဏ်ထူးဆောင်နာယကကြီး ဦးဘရှန် (ကျောက္ကာ/ပုလော/မြိတ်)
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
### အသင်းဝင်အမှတ်-၂
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၉/၇၁)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ် နေ(ဦးမကပ်-ဒေါ်မဂွန်း)တို့၏သား၊ (ဒေါ်တင်ရီ)၏ ချစ်လှစွာသော ခင်ပွန်း၊ ပုလောမြို့နယ်အသင်း(ရန်ကုန်)တွင် ဒုတိယဥက္ကဋ္ဌ၊ အကြံပေးနာယက၊ ဂုဏ်ထူးဆောင်နာယကကြီးတာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သော ဦးဘရှန်သည် ၂၄-၃-၂၀၂၅ (တနင်္လာနေ့) နံနက် ၈:၃၃ နာရီတွင် ဘန်ကောက်မြို့ Bumrungarad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၅ (စနေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဂုဏ်ထူးဆောင်နာယကကြီးများ၊ အကြံပေးနာယကကြီးများ၊ အမှုဆောင်များ၊ အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ် ပါသည်။

နာယက၊ အမှုဆောင်အဖွဲ့
ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၊မြေကွက်အမှတ်-၇၈၊ဧရိယာ (၀.၀၂၈)ဧက၊မြေကွက်တည်နေရာအမှတ်(၇၈)၊ဂန္ဓမာလပ်း၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ဦးမောင်မောင်လှ(၁၂/မရက(နိုင်)၀၆၄၅၄၉)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ဖခင်ဖြစ်သူဦးမောင်မောင်လှသည် (၂၁-၁-၂၀၁၆)ရက်နေ့တွင်လည်းကောင်း၊မိခင်ဖြစ်သူဒေါ်သန်းသန်းငွေ သည်(၂၂-၁၂-၂၀၂၂)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သဖြင့် ဒေါ်အိရွှေစင်(၁၂/မရက(နိုင်)၁၅၅၄၂၁)၊ဦးပွင့်ဦး(၁၂/မရက(နိုင်)၁၅၅၄ ၂၂)တို့မှသားသမီးအရင်းများတော်စပ်ကြောင်း၊ကွယ်လွန်သူမိဘများတွင်သား သမီးအရင်းများအဖြစ်မိမိတို့မောင်နှမ(၂)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ပါ ကြောင်း၊မိဘများသည်ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်ကြသော်လည်း မကွယ်လွန်မီကမည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊မိမိတို့မှလွဲ၍အခြားသောသားသမီးမွေးချင်းတစ်ဦးတစ် ယောက်မျှမရှိပါကြောင်း၊မိမိတို့မောင်နှမ(၂)ဦးတည်းကသာလျှင်ခရစ်ယာန် ဓလေ့ထုံးစံနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြပါကြောင်းနှင့်မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦး တစ်ယောက်မျှမရှိပါကြောင်းကတိသစ္စာပြုလွှာအမှတ်-၆၄၃/၂၀၂၅(၁၃-၂-၂၀၂၅)၊ထောက်ခံကတိသစ္စာပြုလွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊နိုင်ငံသားစိစစ်ရေးကတ်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)မြေငှားဂရန်တို့ကိုတင် ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ် နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ည၊မြေကွက်အမှတ်-၃၃/ခ၊(၁၂၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၃၃/ခ)၊ဝေဘာဂီလမ်း၊(ည) ရပ်ကွက်၊ဦးကျော်စိန်(၁၂/ဥကမ(နိုင်)၀၁၃၁၇၁)အမည်ပေါက်နှစ်(၆၀)ဂရန် မြေအားမြေအမည်ပေါက်-ဦးကျော်စိန်(ခင်ပွန်း)သည်(၁၀-၁၀-၂၀၁၂)ရက် နေ့တွင်ကွယ်လွန်ခဲ့သဖြင့်၎င်း၏ဇနီးဖြစ်သူဒေါ်လှမြင့်(၁၂/ဥကမ(နိုင်)၀၅၆၆ ၁၁)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်တစ်ဦးတည်းသောဇနီးတော်စပ် ကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိ သည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၁၉၂၉/၂၀၂၄/၂-၁၂-၂၀၂၄ ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ် ရေးကတ်၊ဂရန်မူရင်း၊(၂၀၀၄)ခုနှစ်တွင်လျှောက်ထားထုတ်ယူခဲ့သောဘဏ်ချေး မြေပုံမူရင်းမှာမည်သည့်ဘဏ်တွင်မျှဘဏ်ငွေမချေးဖြစ်ခဲ့သဖြင့်မိမိလက်ဝယ် သိမ်းဆည်းထားရာမှအထားအသိမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန် ကန်ပါကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်မျှလွှဲပြောင်း၊ရောင်းချ၊ပေါင် နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါကမိမိ မှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ် ၁၃၁၀/၂၀၂၅/၂၁-၁-၂၀၂၅တို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာ ချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက် အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါ ကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၂၅၉/က၊ အကျယ်အဝန်း(၂၀'x၆၀')၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၅၉/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် RC(၂)ထပ်ခွဲ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ သူ ဒေါ်သဇ္ဇာ[၁၂/လမန(နိုင်)၁၄၁၇၈၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ပေးချေ ထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၄၄၆၆၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါက်တာ ဦးလွန်းဝေ
## ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန
## အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ အမှတ်-၂၇(A 1)၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်း မြို့နယ်နေ (ဒေါက်တာခင်မာမာ)၏ ခင်ပွန်း၊ ဒေါက်တာနိုင်ဦး-ဒေါ်ခင် ဝတ်ရည်၊ ဦးသိန်းဆွေတင့်-ဒေါ်ငွေခက်၊ ဒေါက်တာချမ်းအောင်-ဒေါက်တာ မိုးမိုးရီ၊ ဒေါ်ခင်လေးဝေ တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ အိနိုင်ဦး-Aaron Kurtz၊ ဒေါက်တာပြည့်ဟန်တင့်၊ ဝေဘုန်းတင့် တို့၏ ချစ်လှစွာသော အဘိုး၊ Josephine May Kurtz၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၂၅(အင်္ဂါနေ့) နံနက် ၆ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၃-၂၀၂၅ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်း(အရုဏ်ဆွမ်း) တရားတော်နာမည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
### ဦးထွေး(ခ)အင်တီလိုင်
### လူထုမေတ္တာဆန်စက်၊ ရွှေကျားဆန်ကြာဇံစက်၊ သုံးခွမြို့
## အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့၊ (၁၂)ရပ်ကွက်၊ ရှင်စောပုလမ်း၊ အိမ်အမှတ် (၄)နေ (ဦးချိန်ဝှမ်း-ဒေါ်တင်-ဒေါ်ထက်ကာ)တို့၏သား၊ (ဦးအေးမောင်-ဒေါ်စွမ်တီ) တို့၏ သားသမက်၊ ဒေါ်ရီ၏ ခင်ပွန်း၊ ဒေါက်တာသန်းဦး-ဒေါက်တာအေးအေးဆွေ၊ (ဦးအေးထွန်း)၊ ဒေါက်တာအေးကျော်-ဒေါက်တာအေးအေး၊ ဒေါက်တာမျိုးအောင်-ဒေါ်သီတာထွေး တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါက်တာနွယ်နွယ်လင်းဦး-Kong Teck Chuan ၊ မမျိုးမျိုးဆွေဦး၊ မမြတ်သီတာအေး၊ မသက်နှင်းအေး၊ မောင်သီဟသူ၊ မောင်ဘုန်းခန့်ကျော် တို့၏ ချစ်လှစွာသော အဘိုး၊ မြစ်တစ်ယောက်၏ အဘေးသည် ၂၄-၃-၂၀၂၅(တနင်္လာနေ့) နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကရင်စုသုသာန် သုံးခွမြို့၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
### ဂုဏ်ထူးဆောင်နာယကကြီး ဦးဘရှန် (ကျောက္ကာ/ပုလော/မြိတ်)
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
### အသင်းဝင်အမှတ်-၂
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၉/၇၁)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်နေ(ဦးမကပ်-ဒေါ်မဂွန်း)တို့၏သား၊ (ဒေါ်တင်ရီ)၏ ချစ်လှစွာသော ခင်ပွန်း၊ ပုလောမြို့နယ်အသင်း(ရန်ကုန်) တွင် ဒုတိယဥက္ကဋ္ဌ၊ အကြံပေးနာယက၊ ဂုဏ်ထူးဆောင်နာယကကြီး တာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သော ဦးဘရှန်သည် ၂၄-၃-၂၀၂၅ (တနင်္လာနေ့) နံနက် ၈:၃၃ နာရီတွင် ဘန်ကောက်မြို့ Bumrungarad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ အမှုဆောင်အဖွဲ့**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာက အာဖဂန်နစ္စတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် မတ် ၂၅

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (E) အုပ်စုပထမနေ့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းတို့ မတ် ၂၅ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၇ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် ရလဒ်မကောင်းဘဲ နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ အုပ်စုအောက်ဆုံး၌ ရပ်တည်ခဲ့သော်လည်း ယခု တတိယအဆင့်ခြေစစ်ပွဲတွင် အဖွင့်ပွဲမှာပင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့သဖြင့် တာထွက်ကောင်းသွားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ နန္ဒကျော်၊ လွင်မိုးအောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ သီဟဇော်၊ သန်းပိုင်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အာဖဂန်နစ္စတန်အသင်းမှာမူ ခံစစ်ဦးစားပေးကာ တန်ပြန်တိုက်စစ်ဖြင့် ဦးစားပေးကစားခဲ့သည်။ ၁၄ မိနစ်တွင် အာဖဂန်နစ္စတန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး အိုမစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ဆက်တိုက်ကြိုးပမ်းလာရာ

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○



မြန်မာအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး သန်းပိုင် ခေါင်းတိုက်သွင်းယူနေစဉ်။

## MNL ကလပ် ရခိုင်ယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း ကစားသမားသစ်များ စတင်ခေါ်ယူ

ရန်ကုန် မတ် ၂၅

မြန်မာနေရှင်နယ်လိဂ်ကလပ်များဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ကစားသမားသစ်များ စတင်ခေါ်ယူနေပြီဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ပထမဆုံးခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင် ဂိုးသမား ဇင်ညီညီအောင်ကို ခေါ်ယူခဲ့သည်။ ဇင်ညီညီအောင်သည် ဒဂုံစတားယူနိုက်တက်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး ပြီးခဲ့သည့် 2024 Asean Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၏ ဦးစားပေးဂိုးသမားဖြစ်လာသလို မတ် ၂၅ ရက်က အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းအား အနိုင်ရသည့်ပွဲတွင်လည်း ပွဲထွက်ကစားခွင့်ရခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

## နောက်တန်းကစားသမား ဗာတွန်ဂန် ကစားသမားဘဝမှ အနားယူတော့မည်

ရန်ကုန် မတ် ၂၅

စပါးအသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ရဲ့ နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဗာတွန်ဂန်ဟာ ယခုဘောလုံးရာသီကုန်မှာ ပရော်ဖက်ရှင်နယ်က စားသမားဘဝကနေ အနားယူတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪




ယနေ့ ဖတ်စရာ

**လာအိုနိုင်ငံတွင် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပွား**
စာမျက်နှာ » ၁၃

**လူငယ်နှင့် ဘဝတစ်သက်တာ သင်ယူလေ့လာခြင်း**
စာမျက်နှာ » ၂၁

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း**
စာမျက်နှာ » ၁၅